မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၇ခုနှစ် မေ ၃ ရက်တွင်ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာလက်(ချ်) ကာဇင်(န်)စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် နိုင်ငံတော်၏စီးပွားရေးအထောက်အကူပြု ဒေသနှင့်ကိုက်ညီသည့် အဓိကသီးနှံ ၁၀မျိုးအပြင် ခြံစည်းရိုးကြက်ဆူကိုပါ လျာထားစိုက်ပျိုး

ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်

နေပြည်တော် မေ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီး မေ ၁ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာရှိ ခြံစည်းရိုး ကြက်ဆူမျိုးစေ့ပျိုးထောင်ပွဲ ယာယီမဏ္ဍပ်သို့ရောက်ရှိရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယာယီမဏ္ဍပ်၌ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြောင်းမြမြို့နယ် ဓနုံးချောင်းကျေးရွာ၌ တောင်သူများ စပါးပျိုးကြဲစိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီကြိုးပမ်း

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးတွင် နိုင်ငံတော်အတွက် အဓိကကျသော တိုင်းဖြစ်သဖြင့် စပါးပြီးစပါးနှင့် ဂုန်လျှော်၊ စပါး၊ ပဲ တစ်နှစ်သုံးသီး စိုက်ပျိုးမှု တိုးတက်လာရေး၊ ရော်ဘာ၊ ပဲမျိုးစုံနှင့် ငရုတ်ကောင်းတို့ကိုပါ တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူ ပြည့်မီစွာ စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ် အောင်မြင်စွာ ဆောင်ရွက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၃ ရက်)

ရေလှောင်တမံနှင့် ရေထိန်းတံခါးများ ရေရှည်တည်တံ့ရေး တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ကတိုက်ရေလှောင်တမံကို ဧပြီလ ၃၀ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ကတိုက်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့်၁၃၄ပေ၊ အလျား ပေ ၅၂၀၀ ရှိသည်။ ကန်ရေပြည့် သိုလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ဖြစ်သည်။ လယ်မြေဧက ၁၀၀၀၀ တွင် သီးထပ်စိုက်ပျိုးနိုင်ရေး ရေပေးဝေနိုင်မည်ဖြစ်ပြီး ရင်းငြိမ်ချောင်း အောက်ပိုင်းတွင်ရှိသည့် လယ်မြေများ ရေကြီးနစ်မြုပ်မှုကို လျော့ပါးစေကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်သည်။

လယ်မြေများ ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်သဖြင့် ရေကြီး ရေနက်ကွင်းများ အခြေအနေမှ ရေတော်မိုးတော် လယ်မြေများအဖြစ် ပြောင်းလဲလာသည့်အတွက် စပါးများ အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်သည့်အပြင် သီးထပ်နွေစပါး စိုက်ပျိုးနိုင်ခြင်းကြောင့် ဒေသတွင်းရှိ တောင်သူလယ်သမားများ လူမှုစီးပွားဘဝလည်း မြင့်မားလာမည် ဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးကာလတွင် လယ်မြေများ ရေကြီးရေလွှမ်းသဖြင့် စွမ်းအားရှိသမျှ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ရာမှ ယခုအခါ ကတိုက်ရေလှောင်တမံကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တစ်နိုင်ငံလုံး၌ ဆည်တမံ ၁၉၈ခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး လယ်မြေဧက၂ဒသမ၆သန်းကျော်ကို အကျိုးပြုလျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကတည်ဆောက်ပေးထားသော ရေလှောင်တမံနှင့် ရေထိန်းတံခါးများကို သားစဉ်မြေးဆက် ရေရှည်အကျိုးရှိစွာ အသုံးပြုခံစားသွားနိုင်ရေး၊ ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲ သစ်တောများ ပြုန်းတီးမှုမရှိစေရေးတို့အတွက် တောင်သူလယ်သမားများ အပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(ပျားအုံ)ဦးထွန်းရင် နှစ်လ ပြည့်အား ရည်စူး၍ ရန်ကုန် တိုင်းမ ရမ်းကုန်း မြို့နယ် ၈ ရပ်ကွက် ခေမာ လမ်း တိုက် ၃ အခန်း (B-1)နေဒေါ်ကျင်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး သုံးခွမြို့နယ်ခန်းမတွင် သုံးခွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)နှင့် ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၂

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)နှင့် ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကင်း ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။
(အောက်ပုံ)

သြဝါဒစကား

ရှေးဦးစွာအခမ်းအနားတက်ရောက်သူများက အာစရိယဂုဏ်သက္ကစ္စံ အပဟံဝန္ဒာမိ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပူဇော်ကန်တော့ခံဆရာကြီး၊ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ၊ အလှူငွေများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းကြပြီး ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြကာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား အငြိမ်းစား ကျောင်းအုပ်ကြီးဦးတင်သန်း၊ အငြိမ်းစားလက်ထောက်ကထိကများဖြစ်ကြသော ဒေါ်ရီရီနှင့် ဦးအောင်သိန်းတို့က ဆုံးမသြဝါဒစကားများအသီးသီး ပြောကြားကြသည်။

ပူဇော်ကန်တော့

အဆိုပါ အာစရိယပူဇော်ပွဲသို့ အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၀၂ ဦးတို့ ကြွရောက်အပူဇော်ခံပြီး မကြွရောက်နိုင်သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အဝေးရောက်ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကင်းမြို့နယ်နေ ဦးကျော်ညွန့်နှင့် ဦးအောင်လင်းမြင့်-ဒေါ်ကေသွယ်ဝင်းမောင်၊ သား မောင်အောင်အောင်လင်းမြင့်၊ သမီး မြတ်မွန်အောင်လင်းမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က-ပ)

အဂတိတရားကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်ဆောင်ရွက် ကောလာဟလသတင်းများ သတင်းမှန်ဖြင့်ချေဖျက်

ရန်ကုန် မေ ၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် သုံးခွမြို့နယ်သို့ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ပြီး သုံးခွမြို့နယ်ခန်းမ၌ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရား ကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်ဆောင်ရွက်ရေး၊ အထက်မှပေးအပ်သောတာဝန်များကို နေ့မအား၊ညမနားဆောင်ရွက်ကြရန်၊ ပြင်ပမှကောလာဟလသတင်းများအား သတင်းမှန်ဖြင့် ချေဖျက်ကြရန်မှာကြား၍ တက်ရောက်လာသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၄)ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

ရန်ကုန် မေ ၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၄) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ပါရမီကားဝင်း အတွင်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၄) ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းငွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများအား ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိတောက်ရောင်သွေး မိခင်ကလေး

* မြန်မာနှစ်ဦး
လတန်ခူး
ပွင့်ဖူးပိတောက်ဖြင့် နှစ်သစ်ကြို၊

* ပိတောက်ရောင်သွေး
မိခင်ကလေး
ပြည်သူ့အရေးကို အားထည့်ပို၊

* အသက်ချင့်ထောက်
တစ်ဆယ့်ခြောက်
ပြည့်မြောက်မှန်ကို ဆင်းလှပျို၊

* ကျန်းမာ ပညာအား
အခြေပြုထား
စီးပွား လူမှုကို စောင့်ရှောက်လို၊

* ပိတောက်ရောင်ဝင်း
ရနံ့သင်း
အဆင်းအချင်းကြွယ်ပို အသင်းမှန်သကို။ ။

တစ်ဆယ့်ခြောက်နှစ် တင်းတင်းပြည့်ပြီဖြစ်သော
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ဂုဏ်ပြုလျက်–

ဒေါက်တာသန်းဦး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၇ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် အာနာ ဖော်တီဂါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဌာနချုပ်မှူး ဦးဝင်းမြိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးပင်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် ပန်းတိုင်သည် နိုင်ငံတော်၏ အတိတ်ဖြစ်ရပ် သမိုင်းအတွေ့အကြုံများ၊ ပစ္စုပ္ပန်ကာလ တွေ့ကြုံရသော အခြေအနေများနှင့် အနာဂတ်ကာလတွင် နိုင်ငံသားအားလုံး၏ အကျိုးကို သုံးသပ်မျှော်မှန်းပြီး ရေရှည်အကျိုးစီးပွားအတွက် ချမှတ်ထားသည့် ပန်းတိုင်ဖြစ်ကြောင်း။

အမျိုးသားရေးပန်းတိုင်

နိုင်ငံတော်၏ ပကတိသမိုင်းဖြစ်ရပ်မှန်များကို ပြန်ပြောင်းလေ့လာဆင်ခြင်သုံးသပ်ကြည့်လျှင် ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်ဘဝရောက်ခဲ့ရသည့် ကာလများ၊ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ရုန်းကန်တိုက်ပွဲဝင်ခဲ့ရသည့် ကာလ၊ လွတ်လပ်ရေးရပြီးစ ကာလတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ အယူအဆစွဲများနှင့် နယ်ချဲ့၏ သပ်လျှိုသွေးခွဲမှု၊ ကျဉ်းမြောင်းသော လူမျိုးရေးအမြင် ဦးစားပေးမှုများကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့် နိုင်ငံရေးပါတီများ၏ အုပ်စုတိုက်ပွဲများအကြား၊ ပြည်သူတို့၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့သည့် ကာလများ၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဟု ကြွေးကြော်လုပ်ဆောင်ကြပြီး အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းပျက်ယွင်းပြီး လုယက်ဖျက်ဆီး မီးရှို့မှုများ၊ ခေါင်းဖြတ် လူသတ်ပွဲများ၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်မှုများစသည့် မင်းမဲ့စရိုက်ဖြစ်စဉ် လွှမ်းမိုးသော ကာလများကို ဖြတ်သန်းတွေ့ကြုံခံစားခဲ့ကြရခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အတိတ်ကာလတွင် ကြုံတွေ့ခံစားခဲ့ကြသည့် အနိဋ္ဌာရုံ အဖြစ်ဆိုးများကို ထပ်မံကြုံတွေ့ခံစားလိုသည့် ဆန္ဒမရှိကြဘဲ တည်ငြိမ်အေးချမ်းမှုနှင့် ကိုယ်စီကိုင လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုမျိုးကိုသာ လိုလားတောင့်တကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **"အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေး"**သည် ပြည်သူများ၏ ဆန္ဒနှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက်အရ ချမှတ်ထားသည့် အမျိုးသားရေးပန်းတိုင်ဖြစ်ကြောင်း။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိတို့ ပြည်သူများအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံ၏ ပကတိအခြေအနေအရ သမိုင်းကပေးအပ်သည့် အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားကြောင်း၊ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ချီတက်ရာတွင် လမ်းကြောင်း မတိမ်းစောင်းရအောင် ထိန်းကျောင်း လမ်းညွှန်ပေးသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်သည် ပကတိအခြေအနေနှင့် ကိုက်ညီသည့် လက်တွေ့ကျသည့် လုပ်ငန်းစဉ်ပင်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

ပြည်တွင်းက စစ်မှန်သည့်အင်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လူထုအင်အားစုသုံးရပ်သည် စုစည်းညီညွတ်စွာနှင့် ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

မိမိတို့အားလုံးတွင် တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်၊ မှန်မြတ်မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် နည်းလမ်းများရှိပြီး၊ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ယုံကြည်ချက်၊ ခံယူချက်၊ မှန်ကန်ခိုင်မာပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသော လူငယ်လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ကြောင်း။

(၁၃)နှစ်ကျော် သက်တမ်းရှိပြီဖြစ်သည့် အသင်းကြီး စတင်ဖွဲ့စည်းခဲ့သော ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးလို့ ကြွေးကြော်ပြီး၊ အာဏာကို ဖြတ်လမ်းကရယူလိုသည့် လူပုဂ္ဂိုလ်များနှင့် ပါတီအဖွဲ့အစည်းအချို့၏ ပယောဂနှင့် ပြည်သသွေးထိုးလှုံ့ဆော်မှုများကို ပေါ်ပေါက်ခဲ့ရသည့် စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့ မင်းမဲ့စရိုက်များကြောင့် ပျက်ပြားခဲ့ရသော တည်ငြိမ်အေးချမ်းမှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်နေချိန်ဖြစ်သည်ဆိုတာ တွေ့ကြရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းထူထောင်

ဆူပူလှုပ်ရှားမှုနှင့် အချင်းချင်းတိုက်ခိုက်ကြရင်း နိုင်ငံတော်ကို ကြီးပွားတိုးတက်လာအောင် တည်ဆောက်နိုင်ခြင်းမရှိဘူးဆိုတာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာအောင် ရှင်းလင်းစည်းလုံးရေးသည် နိုင်ငံတော်၏ပကတိဖြစ်ပေါ်မှု အခြေအနေအရ အမှန်တကယ် လိုအပ်ချက်ဖြစ်လာခဲ့ကြောင်း၊ သမိုင်းကပေးလာသည့် လိုအပ်ချက်ဖြည့်ဆည်း ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ဒေသအသီးသီး၊ လူထုလူတန်းစားအသီးသီး၊ အလွှာအသီးသီးက တိုင်းရင်းသားများ ပါဝင်ဖွဲ့စည်းထားသော အသင်းဝင်များသည် ပြည်သူထဲက ပြည်သူများဖြစ်ကြသည့်အတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေး နည်းလမ်းအားဖြင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း။

အသင်းကြီးအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် နယ်မြေလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ထိရောက်မှန်ကန်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ခိုင်မြဲတိကျသည့် ရည်ရွယ်ချက်များ၊ မှန်မြတ်မှန်ကန်သည့် အခြေခံမူများ၊ ကတိသစ္စာများ၊ ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများကို တိကျစွာ ချမှတ်ပြဋ္ဌာန်းပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပိုမိုတိုးတက်

နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆက်စပ်နေသည့် သမိုင်းကြောင်းအခြေအနေများ၊ နိုင်ငံတကာ အခြေအနေများနှင့် ပကတိဖြစ်ပေါ်နေမှု အခြေအနေများကို မှန်ကန်စွာဆက်စပ်သုံးသပ်ပြီး နှစ်စဉ် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်းကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးမှ အသင်းဝင်များကိုယ်တိုင် ပါဝင်သော ပြည်သူများ အကျိုးအတွက် ရေးရှုဆောင်ရွက်နေခြင်းဖြစ်သည်ဆိုတာ ခံယူပြီး ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အသင်းကြီး၏ ပြည်သူ့အကျိုးအတွက် ချမှတ်ထားသည့်မူနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ခိုင်မာစွာ အခြေပြုပြီး နိုင်ငံတော်၏ ဒေသအသီးသီး၊ နယ်ပယ်အသီးသီးတွင် လက်တွေ့အကျိုးရှိသည့် လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့်အတွက် နယ်မြေလူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိလျက်ရှိကြောင်း၊ ယခုဆိုလျှင် ၂၄ သန်းနီးပါးရှိသော အသင်းဝင်များသည် ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက်တူသည့် အခြားသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်လက်တွဲ၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

လေ့ကျင့်ပေးလျက်ရှိ

တိုးတက်များပြားလာသည့်အသင်းဝင်များ၏စုစည်းညီညွတ်သော အားနှင့် ပြည်သူများအကျိုးအတွက် ထိရောက်စွာ သယ်ပိုး ဆောင်ရွက်နိုင်စေရန် အသင်းကြီးကို စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ စနစ်တကျဖွဲ့စည်းမှုနှင့် စီမံမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးကို ပါဝင်ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော အရေအတွက်များ ဖြစ်ပေါ်လာစေရေး အတွက်လည်း လေ့ကျင့်မှုများကို လိုအပ်ချက်နှင့်အညီ လေ့ကျင့်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ (၂)

ရတနာစည် ဆရာတော်
(လွိုင်လင်)

လောကပန်းခင်း သင်းတကြိုင်ကြိုင် မြေလုံးလှိုင်

ပန်းလူသားတို့ ပွင့်လန်းရာ ပန်းနိုင်ငံမြန်မာဝယ် ပန်းပြည်နယ်တစ်ခု ဖြစ်လာလျက်ရှိသည့် ရှမ်းပြည်နယ်၏ အပိုင်းတစ်ပိုင်းဖြစ်သော ရှမ်း(တောင်)မြင့်မြေမှ ပန်းထောင်ပွင့်ဝေနေပုံများအနက် သာသနာရေး ပန်းခင်းကြီးကို လေ့လာပြီးနောက် ယခုဆက်လက်၍ လောကပန်းခင်း ဝင်းဖန့်ဖန့် မဥ္ဇူ သင်းပျံ့ပျံ့လှိုင်ကြူနေသည်များကို လေ့လာကြပါမည်။

လောကပန်းခင်းထဲ၌ ပထမဦးစွာ ဖူးပွင့်လာသော ပန်းတစ်ပွင့်အဖြစ် တင်စားရမည့်အရာမှာ ၁၉၉၀ပြည့်လွန်ကာလများကတည်းက တောင်ကြီးမြို့ ယာဉ်အတက်လမ်းကို မြန်မာ့အင်ဂျင်နီယာများ စွမ်းပကားဖြင့် စံချိန်စံညွှန်းမီ အသစ်ဖောက်လုပ်နိုင်ခြင်းဖြစ်၏။ မြို့တော်အတက်လမ်းသစ်တစ်လမ်း ဖောက်လုပ်နိုင်ခြင်းကြောင့် ယခင်ရှိပြီး လမ်းဟောင်းကို အဆင်းလမ်းအဖြစ် သီးသန့်တည်ရှိစေနိုင်ခဲ့၏။ ယင်းသို့ အတက်လမ်းနှင့် အဆင်းလမ်း သီးခြားစီတည်ရှိလာပြီးသည့်နောက် အကျိုးရလဒ်များမှာ မျက်နှာချင်းဆိုင်ယာဉ်တိုက်မှု လုံးဝကင်းစင်သွားခြင်း၊ ယာဉ်မတော်တဆဖြစ်မှု မရှိသလောက်အထိ လျော့နည်းကျဆင်းသွားခြင်း၊ ယာဉ်များ အန္တရာယ်ကင်းစွာနှင့် လျင်မြန်စွာ မောင်းနှင်နိုင်ခြင်း စသည်တို့ဖြစ်၏။

အကယ်၍ တပ်မတော်အစိုးရအနေဖြင့် ထိုစဉ်က ထိုလမ်းသစ်ကို ဖောက်လုပ်ရန် အစီအမံမရှိခဲ့ပါလျှင် --- ယနေ့လို ယာဉ်များပြားလာသော ကာလမျိုး၌ ထိုလမ်းဝယ် မျက်နှာချင်းဆိုင် ယာဉ်နှစ်စီးတိုက်ခိုက်မှုများ၊ ယာဉ်မျက်နှာချင်းဆိုင်ဆုံခိုက် တစ်ဖက်မှယာဉ်ကို လမ်းဘေးသို့ ရှောင်ပေးစဉ် မတော်တဆ အရှိန်လွန်ပြီး ယာဉ်တစ်စီးလုံး ချောက်ထဲကျ၍ အသက်အန္တရာယ်ပါ ကျစေနိုင်သည့် မတော်တဆ ထိခိုက်မှုများ၊ ရှေ့မှယာဉ်တစ်စီး စက်ချွတ်ယွင်းလျှင် နောက်မှ ယာဉ်များစွာ စောင့်ဆိုင်းနေရသဖြင့် အချိန်နှောင့်နှေးကြန့်ကြာမှုများ စသော များ--- များ---တွေ တစ်များတည်းများနေမည် ဧကန်ဖြစ်၏။

ယခုသော် တပ်မတော်အစိုးရ၏ ရှေ့ရေးမြော်မြင် ကြိုတင်စီမံတတ်မှုကြောင့် ယနေ့ယာဉ်ဘယ်လောက်များများ အဆင်းယာဉ်သီးခြား၊ အတက်ယာဉ်သီးခြား ခရီးသွားယာဉ်စီးသူအားလုံး အန္တရာယ်ကင်းစွာ၊ စိတ်အေးစွာ သွားလာနိုင်ကြပါကုန်ပြီ။ ယင်းသည်ပင် မြေလုံးကြိုင်ပန်းပွင့် မမည်လော။

ပန်းတစ်ပွင့်ပုံရိပ်

ထိုနှင့် တစ်ပြိုင်တည်း မြို့တော်ကို မြို့တော်ပီပီသသ လှလှပပ လန်းပွင့်လာအောင် တပ်မတော်အစိုးရက စေတနာအပြည့်ထားလျက် ဆောင်ရွက်ကြိုးပမ်းပေးပုံများမှာ အမြင်မတော် ဆင်တော်၏ခလောက်များဟု တင်စားရလောက်သည့် တဲအိုး တဲပျက်တို့ လွှမ်းမိုးရာ ကျူးကျော်ရပ်ကွက်သားများကို ခြံနှင့်ဝင်းနှင့် တင့်တင့်တယ်တယ် နေနိုင်အောင် အေးသာယာမြို့အမည်ဖြင့် မြို့သစ်တစ်မြို့ အကွက်ချ တည်ပေးခြင်း၊ တောင်ကြီးမြို့ လမ်းမတော်ကို ပြည်ထောင်စုလမ်းမကြီးအဖြစ် လမ်းလယ်ပန်းကျွန်းအပါအဝင် လေးလမ်းသွားဖောက်လုပ်ပေးခြင်း၊ ယခင် တစပြင်ဟောင်းကြီးကို ပိတ်သိမ်း၍ မြေထိုးမြေညှိစက်များဖြင့် မြေပြင်ညှိကာ စဝ်စံထွန်းဈေးအမည်ဖြင့် ဈေးသစ်တစ်ဈေး စနစ်တကျ အကွက်ဖော် ဆောင်ရွက်ပေးခြင်း၊ မြို့မဈေးကို သုံးထပ်ဈေးကြီးအဖြစ် မြို့တော်နှင့် ပန်ရအောင် လှပခိုင်ခံ့စွာ တည်ဆောက်ပေးခြင်း၊ တောင်ကြီးမြို့ မြို့ပတ်လမ်းသစ်ဖောက်လျက် အတက်လမ်းနှင့် ဆက်စပ်ပေးကာ မြေကွက်၊ အိမ်ကွက်အသစ်များ ဖော်ထုတ်ပေးခြင်း၊ ယခင်မြေလမ်းများ၊ ကျောက်ကြမ်းလမ်းများကို ကတ္တရာခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ ရေနုတ်မြောင်းများနှင့် ရေကျော်တံတားများကို သပ်ရပ်စွာ၊ ခိုင်ခံ့စွာ အဆင့်မြှင့်တင်ပေးခြင်း၊ ပန်းခြံများကို ပန်းခြံအင်္ဂါရပ်များနှင့် ညီအောင် ပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်း၊ မြို့တော်အရပ်လေးမျက်နှာလုံး တိုးချဲ့အကွက်ချကာ အိမ်မြေသစ်များ စနစ်တကျဖော်ထုတ်ပေးခြင်း စသော ပြုပြင်တည်ဆောက်မှုအဖုံဖုံတို့ကြောင့် မြို့တော်ဂုဏ်၊ မြို့တော်တန်ဖိုး တစ်ဟုန်ထိုးတက်ကြွလာသကဲ့သို့ ယခင်မရှိဘူးခဲ့သော သုံးထပ်တိုက်၊ လေးထပ်တိုက် အဆောက်အအုံတို့ဖြင့် ရှုမောဖွယ်မြို့တော်ကြီးအဖြစ် ထွန်းသစ်ပွင့်လန်းလာတော့၏။

ယနေ့ တပ်မတော်အစိုးရ၏ စေတနာပန်း ပွင့်လန်းလှပ ရောင်သွေးကြွလျက် တုပမနိုင် သင်းလှိုင်ရနံ့ ကြိုင်ပျံ့ပျံ့ကို မတန့်မနား ရှူရှိုက် နေကြရသူများကား မြို့တော်သူ၊ မြို့တော်သား ဒေသခံများပင် မဟုတ်ပါလော။ ပန်းတစ်ပွင့်ပုံရိပ် တဖိတ်ဖိတ် စိတ်ရောနှုတ်ပါ ပြုံးတကား။

တစ်ပွင့်ပြီးတစ်ပွင့်

မြို့တော်ကို မြို့တော်ပီသအောင် တပ်မတော်အစိုးရက စွမ်းဆောင်ပေးနေခြင်းနှင့် တစ်ပြိုင်တည်း အင်းလေးကန်သာကိုလည်း တကယ်သာယာလာရန် ဗေဒါပင်များ၊ အမှိုက်သရိုက်များကင်းစင်စေကာ ကျွန်းမျောများမှအစ ရေပြင်၏ အရှုပ်အထွေးများအားလုံးကို အဆုံးတိုင်ဖယ်ရှားဖြစ်ပြီး ဖောင်တော်ဦးဘုရားသို့ ဦးခိုက် တိုက်ရိုက်အဖြောင့် ရေလမ်းဖောက်လုပ်ပေးနိုင်ခဲ့ရာ ထိုကာလမှစ၍ အင်းလေးသည် သတင်းမွှေးလာခဲ့ရပါ၏။ ယနေ့တွင်သော် မြန်မာခရီးသွားများ၊ နိုင်ငံတကာ ခရီးသွားများ၏ စက်လှေသံ ညံမစဲ ငှက်စင်ရော် ပျံဝဲလျက် ထူးကဲသော တောင်ပေါ် ပင်လယ်ကြီး ဖြစ်လာနေလေပြီ။

ထိုမှ------

မြေသြဇာ၊ ရေသြဇာ

၁။ ရှမ်းပြည်နယ်တစ်ခုလုံးသာမက တစ်နိုင်ငံလုံး နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ခိုင်မာစွာဖြစ်ထွန်းလာစေရေးအတွက် တပ်မတော်၏ သဘောထားကြီးမားမှုကို ထင်ရှားစွာ မော်ကွန်းထိုးသောအားဖြင့် ငြိမ်းချမ်းရေး ခေတ်သစ် တည်ဖြစ်လာအောင် စွမ်းဆောင်ကြိုးပမ်းခြင်း။

၂။ နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် ပြည်နယ်ချင်းဆက် လမ်းမကြီးများ၊ ပြည်နယ်နှင့် တိုင်းဆက်လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်ဓာတ်အား စီမံကိန်းများ၊ ရထားလမ်းသစ်များ စသည့် ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများ လုံလောက်စွာ တည်ဆောက်ပေးထားခြင်း။

၃။ တိုင်းရင်းသားပြည်သူတို့၏ ပညာရေးအခြေခံများ မြင့်မားလာစေရန် အခြေခံပညာကျောင်းများကို နယ်စပ်ဒေသအထိ အများအပြား ဖွင့်လှစ်တည်ထောင်ပေးခြင်းနှင့်တကွ ဒီဂရီကောလိပ်၊ ကောလိပ်၊ တက္ကသိုလ်ကြီးများ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်ကြီးများကိုပါ ဖွင့်လှစ်တည်ထောင်ပေးလျက် တိုင်းရင်းသားများ ကိုယ့်ဒေသထဲမှာပင် အဆင့်မြင့်ပညာများ သင်ယူနိုင်စေရေး တည်ဆောက်ပေးမှု စသည့် ဖြည့်ဆည်းမှုအဖုံဖုံတို့ကို အရှိန်အဟုန်ပြင်းပြင်း ဖြည့်တင်းပေးခြင်းဖြင့် မြေသြဇာ၊ ရေသြဇာ ကောင်းစွာ ဖြည့်လောင်းပေးသောပမာ ပန်းမြန်မာ၏ ပန်းပြည်နယ် သွယ်သွယ် တင့်တင့် ပန်းစုံပွင့်လာလေ တော့၏။

ဘယ်ပန်းသာလို့ယဉ်

ဘဝ၏ အဓိကအကျဆုံး စားရေးနှင့်ပတ်သက်၍ ယခင်ကာလများ တစ်လျှောက်လုံး ရှမ်းပြည်နယ်၌ ဒေသဝမ်းစာဖူလုံမှုမရှိခဲ့ဘဲ မြေပြန့်မှ တင်ပို့သော ဆန်ကိုသာ အားကိုးခဲ့ရသော်လည်း ယနေ့ တပ်မတော်အစိုးရက စပါးပိုလျှံရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံ အပါအဝင် စက်မှုကုန်ကြမ်းသီးနှံများ တိုးမြှင့်စိုက်ပျိုးရေး ဟူသော ရည်မှန်းချက် (၃)ရပ် ချမှတ်ဖော်ဆောင်နိုင်ခဲ့သဖြင့် ရှမ်းပြည်နယ် တစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှု ရာခိုင်နှုန်းမှာ ၁၃၁ ရာခိုင်နှုန်းအထိ ကျော်တက်ခဲ့ပြီး ဒေသခံများ အစားအတွက် လုံးဝမပူမပင် မတောင့်မတ ရသော အနေအထား ရောက်ရှိလာနေလေပြီ။

ရှမ်း(တောင်)၌လည်း ဒေသဝမ်းစာဖူလုံ ပိုလျှံလာအောင် မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးမြေဧရိယာအဖြစ် ဖော်ထုတ်ခြင်း(ဧကပေါင်း လေးသိန်းခန့်)၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်နိုင်ခြင်း(ဆည် ကြီး၊ လတ်၊ ငယ်ပေါင်း ၈၀ ကျော်)၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်း၊ ထွန်စက်စခန်း တည်ထောင်ခြင်း စသည်တို့ကြောင့် ဒေသဝမ်းစာဖူလုံရုံမျှမက ပိုလျှံနေခြင်း ဖြစ်ပါသည်။

ထို့အတူ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေ၍ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ရှမ်း(တောင်)နှင့် ရှမ်း(မြောက်)တိုက်ရိုက်သွားလာနိုင်သော သီပေါ-နမ့်လန်-ပန်ကေတု-မိုင်းကိုင် လွိုင်လင်လမ်းသစ် ပေါ်ထွန်းလာပြီး ရှမ်း(အရှေ့)ကျိုင်းတုံ-တာချီလိတ်အထိ ခရီးပေါက်နေလေပြီ။ ယင်းအပြင် တောင်ကြီး-ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းသစ်၊ တောင်ကြီး-ဟန်မြင့်မိုရ်-မန္တလေးလမ်းသစ်၊ ပင်လောင်း-ပျဉ်းမနား လမ်းသစ်များလည်း ပေါ်ထွန်းလာနေကုန်ပြီ။

ယင်းယာဉ်သွားလမ်းများနှင့်အတူ ရထားလမ်းသစ်များလည်း ပေါ်ထွန်း လာပါကုန်၏။ ရှမ်း(တောင်)နှင့် ကယားပြည်နယ်ဆက် အရှည်မိုင် ၁၀၁ ဒသမ ၈၂ မိုင်ရှိ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ရထားလမ်းသစ်၊ တောင်ကြီးခရိုင်အတွင်း အရှည်မိုင် ၃၇ ဒသမ ၅၀မိုင်ရှိ ရွှေညောင်-ရပ်စောက်ရထားလမ်းသစ်များအပြင် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် ခရိုင်ဆက်ရထားလမ်းကြီးအဖြစ် အရှည်မိုင် ၁၆၅ ဒသမ ၀၆ မိုင်ရှိ ရွှေညောင်-တောင်ကြီး-နမ့်စန်ရထားလမ်းကြီး ထီးထီးမားမား ငွားငွားစွင့်စွင့် ပေါ်ထွန်းခဲ့လေပြီ။ ယင်းပြည်ထောင်စု ရထားလမ်းကြီးကား တပ်မတော်သားတို့၏ လုပ်အား၊ မြန်မာ့မီးရထား အင်ဂျင်နီယာ ပညာရှင်များ၏ စွမ်းအားတို့ဖြင့် အာဆီယံစံချိန်မီ ပေါ်ထွန်းလာခြင်း ဖြစ်၏။

> **ယနေ့ တပ်မတော်အစိုးရ၏ စေတနာပန်း ပွင့်လန်းလှပ ရောင်သွေးကြွလျက် တုပမနိုင် သင်းလှိုင်ရနံ့ ကြိုင်ပျံ့ပျံ့ကို မတန့်မနား ရှူရှိုက် နေကြရသူများကား မြို့တော်သူ၊ မြို့တော်သား ဒေသခံများပင်။**

တပ်မတော်အစိုးရက ဒေသခံတို့၏ ကောင်းကျိုးသုခအတွက် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးအပ်သော ဖော်ပြပါ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများကို အကြောင်းပြုကာ ဒေသခံ တိုင်းရင်းသားတို့၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ လှပစွာဖူးပွင့်လာနေသည်မှာ ထင်သာမြင်သာရုံမျှမက အဇ္ဈောပြင်ကောင်းကင်အလယ် နေသဖွယ် လသဖွယ် ဖြစ်တော့သည်။

ဆက်သွယ်လမ်းကြောင်း၊ ကောင်းကြီးကောင်းသော်၊ ထောင်သောင်းကုဋေ ပြည်သူတွေ၊ ပွင့်ဝေလှပ လန်းဆန်းရ၊ လူမှုဘဝ၊ လှထက်လှ။

ယင်းအပြင် ယနေ့ တပ်မတော်အစိုးရလက်ထက် ရတနာမြေများလည်း အလျှိုအလျှို ပေါ်ထွန်းခဲ့သည်တွင် ရှမ်း(မြောက်)မှာ ပြင်လုံ ရတနာမြေ ပေါ်ထွန်းလာခဲ့သလို ရှမ်း(တောင်)မှာ မိုင်းရှူးရတနာမြေ ပေါ်ထွန်းခဲ့၏။ မိုင်းရှူးရတနာမြေကို အမှီသဟဲပြုရင်း ဒေသခံ တိုင်းရင်းသားများသာမက မြေပြန့်ရှိ ညီအစ်ကိုမောင်နှမများပါ အတိုင်းအတာတစ်ခုအထိ ကောင်းကျိုးတွေ ပိုင်နေကြသည်မှာ အိုးပိုင် အိမ်ပိုင်၊ မြေပိုင်၊ ယာပိုင်၊ ယာဉ်ပိုင်၊ ဆိုင်ပိုင်၊ ငွေပိုင်၊ ရွှေပိုင် ပိုင်စာရင်းတက်လျက် ရှိကြတော့၏။

ဤမျှဖြင့် ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ(၂)ကို တန့်နားရင်း (၃)သို့ ဆက်သွားကြပါဦးစို့။ ။

မင်းကွန်းတောင်ရိုး ဓမ္မစေတီ အောင်မြေတွင် မင်းကွန်းဓမ္မစေတီ ဆရာတော်ဦးဆောင်၍ တည်ထားသော ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့က ဦးဆောင်၍ တည်ထား ကိုးကွယ်လျက်ရှိသော ဓမ္မစေတီ ကမ္ဘာ့အကြီးဆုံး တင်ပလ္လင်ခွေ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တောလမ်းနေ (ဝင်းမေတ္တာ ပွဲရုံလုပ်ငန်း) ဦးဝင်း - ဒေါ်သိန်း မိသားစုက ငွေကျပ်၁၀သိန်း ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ဧပြီ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျား ဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် အမှတ် ၁၃၃၊ သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဒေါက်တာဦးချန်တိတ်-ဒေါ်ခင်ဖွား (လူမှုထူးချွန်) မိသားစုက ငွေကျပ် ၇၅ သိန်းကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာဂရမဟာမုနိ ရုပ်ရှင်တော်မြတ် ရုပ်ပွားဆင်းတုတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာကျင်းပ

နေပြည်တော် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်း လိုက်ပါ၍ ဧပြီ ၃၀ရက် နံနက်ပိုင်းက ပဲခူးတိုင်း သာဂရမြို့ မှန်တောင်တောရသို့ ရောက်ရှိပြီး တောရကျောင်းတွင် ကိုးကွယ်ပူဇော်မည့် မဟာမုနိ ရုပ်ရှင်တော်မြတ် ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။ ၎င်းနောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် က ဒေဝနိမန္တနဂါထာကို ဖတ်ကြား ရွတ်ဖတ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် ပရိသတ်များက သီရိမင်္ဂလာစာသင်တိုက် ချုံအင်းကျောင်းထိုင် ဗဟိုဝန်ဆောင် ဘဒ္ဒန္တသြဘာသ ထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်တို့ကို သံဃာတော်များထံ ဆက်ကပ်သည်။ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူပြီးဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာတင်ပြီးနောက် ဥပသကာများက မဟာမုနိဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်ပေါ်သို့ ပက်ဖျန်းချည်နှောင်ပေးကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ဌာပနာတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

အလှူငွေများပေးအပ်

၎င်းနောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဆက်လက် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းမိသားစုက မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအတွက် အလှူငွေကျပ်၁၁ သိန်းနှင့် အဝင်မုခ်ဦးနှင့် လမ်းပြုလုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

လက်ခံရယူ

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက စေတနာရှင်ပြည်သူများက လှူဒါန်းသော လှူဒါန်းငွေများကို လက်ခံရယူပေးသည်။**(အပေါ်ယာပုံ)**

အမွှေးနံ့သာပက်ဖျန်း

၎င်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် မဟာမုနိကြေးသွန်းရုပ်ရှင်တော်မြတ်ကြီးအား မကိုဋ်တော်တပ်ဆင်ပူဇော်၍ ဓာတ်တော်များအား ဌာပနာသွင်းလှူပူဇော်ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

သင်တန်းဆင်း အမှာစကား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်း လိုက်ပါ၍ မေ၁ရက်နံနက်ပိုင်းက ပဲခူးတိုင်းသနပ်ပင်မြို့နယ်သို့ ရောက်ရှိပြီး၊ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၁၁) နှင့် အခြေခံကြံ့ခိုင်ရေးသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲသို့တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဖိုးဇော်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက သင်တန်းတွင်ထူးချွန်ဆုရရှိသော သင်တန်းသားသင်တန်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဖွင့် အမှာစကား ပြောကြား

၎င်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ကဝမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ခန်းမတွင် ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၉)နှင့် အခြေခံကြံ့ခိုင်ရေး သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကား ပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သင်တန်းသို့ ကဝမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းငွေ ကျပ်နှစ်သိန်း၊ အုန်းနဲ့ကျေးရွာမှ လုပ်ငန်းရှင်များက လှူဒါန်းငွေ ကျပ်တစ်သိန်း၊ စံပြသက္ကလကျေးရွာမှ လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ကုန်သည် ဦးပန်းလှိုင်က လှူဒါန်းငွေကျပ် ငါးသောင်းတို့ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက လက်ခံယူသည်။

(သတင်းစဉ်)

ဒေါ်ဝမ်းတီ၏အသက် (၉၀)ပြည့် မွေးနေ့အတွက် အမှတ် (၆၂) ဦးကျော်ဟိုးလမ်း ကြည့်မြင်တိုင်မြို့နယ်နေ သားဖြစ်သူ ဦးသိန်းဟန်၊ ဒေါ်တင်သန်း သားသမီး၊ မြေးတစ်စုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာယာဝတီခရိုင်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေး ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းလိုက်ပါလျက် ဧပြီ၃၀ရက် နံနက် ၉နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့် သာယာဝတီခရိုင်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိလာပြီး ခရိုင်ဦးစီးဌာနမှူးဦးကျော်အုန်း၊ မြို့နယ်ဦးစီးဌာနမှူးဦးမြင့်သိန်းနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအား အသက် ၁၀နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(ပျောက်ဆုံး/ပျက်စီး) ကတ်ပြားများ မိတ္တူလျှောက်ထားလာမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးတင်အောင်က သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှ တစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လက်ပံတန်းမြို့နယ်သို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့် လက်ပံတန်းမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသနရုံးခန်းမ၌ ခရိုင်ဦးစီးဌာနမှူး ဦးကျော်အုန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးထိန်ဝင်းနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေးသုတေသန ရုံးခန်းမ၌ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တိုင်းဦးစီးဌာနမှူး ဦးတင်အောင်က နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည်လက်ပံတန်းမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မှတ်တမ်းခန်း၌နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူ လျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အဖြစ်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် သာယာဝတီမြို့နယ်၌ ၃၂၅ ဦး၊ လက်ပံတန်းမြို့နယ်၌ ၁၆၆ဦး စုစုပေါင်း ၄၉၁ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျ စိစစ်ထုတ်ပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ဖြူကျွန်းဈေး မီးဘေးကာကွယ်ရေး မီးသတ်ဆေးဘူးများလှူဒါန်း

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆင်ဖြူကျွန်းဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးလှူဒါန်းခြင်း အခမ်းအနားကို မတ် ၂၉ ရက်က ဈေးလုံခြုံရေးအဖွဲ့ရုံးခန်းတွင် ကျင်းပရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စိုးစိုးသန်းနှင့် မီးသတ်ဦးစီးဌာနစခန်းမှူးဦးဇော်လင်းထက်တို့က ဈေးလုံခြုံရေးအဖွဲ့သို့ မီးသတ်ဆေးဘူး ၁၀ ဘူး ပေးအပ်ပြီး မီးဘေးကြိုတင်တားဆီးရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ငဖဲမြို့နယ်၌ ဖွင့်

မကွေးတိုင်း ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မတ်၃၀ရက်က ဂုတ်ကြီးကျေးရွာ စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေက အမှာစကားပြောကြားသည်။ သင်တန်းသို့ တောင်ပေါ်ကျေးရွာအုပ်စု၁၁စုမှ စာကြည့်တိုက်ကော်မတီနှင့် တာဝန်ခံ ၁၀၀ တက်ရောက်ကြပြီး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများပါ ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်း**အနားကို အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးထွန်းနေစိုးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဦးတင့်ဝေက ပညာပေး ရှင်းလင်းဟောပြောသည်။**

အခမ်းအနားသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၁၅၀ခန့် တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံးသည် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဆွေးနွေးဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၈ နာရီက ကလေးမြို့နယ် နန်းဗဟိုရ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်၌ ကျင်းပရာ ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များ ဆွေးနွေးဟောပြောသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေဒါနအလှူရှင်များက ကြည်ပြာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် အလှူငွေ ၂၉၇၇၅ကျပ်နှင့် စာအုပ်မျိုးစုံ ၇၄ အုပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှထွန်းဦးက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်မြေသာစံမြို့နယ်၌ အသိပညာပေးဟောပြော

မန္တလေးတိုင်း၊ ခရိုင်၊ အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဧပြီ ၇ရက်က ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၆၆လမ်း၊ ရွှေနှင်းဆီမွှာရုံတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းက အမှာစကားပြောကြားပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကဏ္ဍအလိုက် အသိပညာပေး ဟောပြောကြသည်။ ထို့နောက်တက်ရောက်လာသူများက မရှင်းလင်းသော အချက်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြောင်း သိရသည်။ (၁၆၂)

အင်းဇောက်-ဝေဒီ ကျေးရွာချင်းဆက် ထွာချောင်းတံတားဖွင့်

လောင်းလုံးမြို့နယ်အင်းဇောက်-ဝေဒီကျေးရွာချင်းဆက် ထွာချောင်းတံတား **ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက ယင်းတံတား မဏ္ဍပ်တွင်ကျင်းပရာ ရှေးဦးစွာ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး အင်းဇောက်-ဝေဒီကျေးရွာချင်းဆက် ထွာချောင်းတံတားကို ခရိုင်အတွင်းရေးမှူးဦးမျိုးညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသည် အရှည်ပေ ၁၂၀ ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၆၀ နှင့် စေတနာရှင်နှင့် အများပြည်သူ လှူဒါန်းငွေကျပ်၂၅သိန်း စုစုပေါင်းငွေကျပ်၈၅သိန်းကုန်ကျကြောင်းသိရသည်။** (မြို့နယ် ပြန်/ဆက်)

ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဧပြီ၂၉ ရက် ညနေပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ သွားရောက်၍ စက်ရုံမွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးဌေးအောင်က စက်ပစ္စည်းများရောက်ရှိမှု၊ ပြင်ဆင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်း ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု သတ်မှတ်ချက် ပြည့်မီစေရေးအတွက် စက်ရုံအမြန်လည်ပတ်ရန် လိုအပ်လျက်ရှိရာ ဝန်ကြီးဌာနအပိုင်းမှ ဖြည့်ဆည်းပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးပြီးဖြစ်၍ စက်ရုံရှိ တာဝန်ရှိသူများက လုပ်ငန်းကြန့်ကြာမှုမရှိအောင် နေ့၊ညကြိုးစား၍တာဝန်ခွဲဝေဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရေနံဓာတ်ငွေ့ရည်စက်ရုံကျွန်းချောင်းသို့ သွားရောက်၍ စက်ရုံ လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်၊ မီးဘေးအန္တရာယ်များ ကင်းရှင်းအောင်ကြိုးစားကြရန်၊ စက်ရုံ၌ အသုံးပြုတပ်ဆင်ထားသော အဆင့်မြင့်နည်းပညာများနှင့်အညီ စက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ရန် လေ့ကျင့်ပျိုးထောင်ရင်း ကုန်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးသည် ဧပြီ ၃၀ ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စပယ်နှင့် သာကြီးတောင် ရေနံမြေများသို့ သွားရောက်စစ်ဆေးရာ အထွေထွေမန်နေဂျာက ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု၊ တွင်းသစ်တူးဖော်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုကိစ္စများ ဆွေးနွေးမှာကြားပြီး တွင်းသစ်တူးဖော်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူး ရွှေဘုန်းပွင့်စေတီလမ်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကံ့ကော်တောရရိပ်သာ ကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီ ကုန်းမြေအနောက် စေတနာရှင် အလှူရှင်များ စုပေါင်း၍ ပေ ၂၈၀၀ ဂဝံ ကျောက်လမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါလမ်းကို ဆက်လက်ဖောက်လုပ်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း–၀၉–၅၀၀–၁၀၈၀ နှင့် ဖုန်း–၆၂၉၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အုတ်ဖိုမြို့နယ် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းပွဲကို ဧပြီ ၂၅ရက် ညနေ ၅ နာရီက အုတ်ဖိုမြို့ မြို့လယ်မွှာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက နှုတ်ခွန်းဆက် ဂါရဝ ပူဇော်စကားကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း)က ဂါရဝပူဇော်စကားကိုလည်းကောင်းပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧည့်ပရိသတ်များနှင့်အသင်းဝင်များက အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအဘိုး၊ အဘွား ၂၅၄ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကြပြီး ပူဇော်ကန်တော့ကြသည်။

သြဝါဒစကား

ဆက်လက်၍ အဘိုး အဘွားများကိုယ်စား ကျောင်းဆရာကြီး ဦးအောင်သာထွန်းက သြဝါဒစကားပြန်လည် ပြောကြားကြောင်း သိရသည်။

(က–ပ)

ကျန်းမာရေးနှင့် ညီညွတ်သည့် သစ်သီးဝလံများ ထုတ်လုပ်စိုက်ပျိုးနိုင်ရန် ရည်ရွယ်

■ *ကျောဖုံးမှ*

ယင်းပြပွဲ၊ ပြိုင်ပွဲကို မေ ၅ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပြီး နေ့စဉ် နံနက် ၈နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

ယခုအခါ သစ်သီးဝလံများကို စားသုံးကြရာတွင် အာဟာရပြည့်ဝပြီး ဘေးကင်းသည့် သစ်သီးဝလံများကို ရွေးချယ်စားသုံးသည့် စနစ်ပြောင်းလဲလာကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့်ရော စားသုံးသူများပါ အာဟာရ ပြည့်ဝသော သီးနှံများအကြောင်း သိရှိရန်လိုအပ်လာပြီဖြစ်ကြောင်း၊ **သစ်သီးဝလံကို ယခင်က သရေစာအဖြစ်လောက်သာ စားနေရာမှ ယခုအခါ ထမင်းစားသောက်ပြီးတိုင်း စားလေ့ရှိသောစနစ်သို့ ပြောင်းလဲလာပြီဖြစ်**ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြိုင်ပွဲပြုလုပ်မည့်သစ်သီးဝလံများ

ပြိုင်ပွဲပြုလုပ်မည့် သစ်သီးဝလံများမှာ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊နာနတ်၊ပိန္နဲ၊ကြက်သွန်နီနှင့် သဘော်သီးတို့ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်လိုသူများသည် ပြိုင်ပွဲဝင်ပုံစံများကို မေ ၂ ရက်မှ စတင်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီရုံးခန်း မြေပဒေသာကျွန်း ဗဟန်းမြို့နယ်၌ ရယူဖြည့်စွက်လျက် ပါဝင်ယှဉ်ပြိုင်မည့် အသီးများ၊ အသီးပါ အပင်များကို မေ ၄ ရက် နံနက် ၁၀နာရီမှ ညနေ၄ နာရီခွဲအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများ ၎င်းမြေပဒေသာကျွန်းသို့ အရောက်ပို့ရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူဦးအောင်ဇော်ဦးက မြန်မာ့အလင်းသို့ပြောကြားသည်။

သရက်

သရက်ပြိုင်ပွဲတွင် အသီးပါ အပင်ပြိုင်ပွဲနှင့် အသီးပြိုင်ပွဲဟူ၍ သတ်မှတ်ထားပြီး အသီးပြိုင်ပွဲဝင်မည့် အမျိုးအစားများမှာ စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ ရင်ကွဲနှင့် အခြားမျိုးတို့ဖြစ်ကာ အသီး၌ အညှာလေးလက်မခန့် ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

သခွားမွှေး

သခွားမွှေးပြိုင်ပွဲတွင် ပိုက်ပါမျိုးနှင့် ပိုက်မပါမျိုးဟူ၍ ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း၊ အသီး၌ အရွက်နှင့် နွယ်တစ်ပေခန့်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ဖရဲ

ဖရဲသီးပြိုင်ပွဲတွင် အတွင်းသား အဝါမျိုးနှင့် အတွင်းသား အနီမျိုးဟူ၍ ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း၊ အရွက်နှင့်နွယ်တစ်ပေခန့် ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျော

ငှက်ပျောသီးပြိုင်ပွဲတွင် ဖီးကြမ်းအုပ်စု၊သီးမွှေးအုပ်စု၊ ရွှေနီအုစပ်စု၊ ရခိုင်အုပ်စုဟူ၍ ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီး အခိုင်လိုက် ပြိုင်ရမည်ဖြစ်သည်။

ကီလိုမာလကာ

ကီလိုမာလကာပြိုင်ပွဲတွင် အသီးပါ အပင်ပြိုင်ပွဲနှင့် အသီးပြိုင်ပွဲဟူ၍ ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီး အသီး၌ အညှာ ခြောက်လက်မခန့် ပါရှိရမည်ဖြစ်သည်။

နာနတ်

နာနတ်သီးပြိုင်ပွဲတွင် ရိုးတံနှင့် ခေါင်း ပါရှိရမည် ဖြစ်သည်။ ပိန္နဲသီးပြိုင်ပွဲတွင် ပြည်တွင်းမျိုးနှင့် နိုင်ငံခြားမျိုး ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ကြက်သွန်နီ

ကြက်သွန်နီပြိုင်ပွဲတွင် အမြိတ်နှင့် အမြစ်ပါရှိရမည်ဖြစ်ပြီး သဘော်သီးပြိုင်ပွဲတွင် ပြည်တွင်းမျိုးနှင့် နိုင်ငံခြားမျိုးဟူ၍ ယှဉ်ပြိုင်နိုင်သည်။

အထက်ပါ သစ်သီးဝလံများ ယှဉ်ပြိုင်ရာတွင် ယှဉ်ပြိုင်သည့် အသီးအနှံများ၏ စိုက်ပျိုးသည့် ဒေသနှင့် အမျိုးအမည် ဖော်ပြရမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲဝင် သစ်သီးဝလံများသည် မိမိကိုယ်တိုင် စိုက်ပျိုးထားသော အပင်၊ အသီးအနှံများ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သီးနှံတစ်မျိုးချင်း အလိုက်ဆုများချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ အသီးပါအပင်အတွက်ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းနှင့် တတိယဆုအတွက်ငွေကျပ် ငါးသောင်း သတ်မှတ်ထားသည်။

အသီးအနှံများအတွက် ပထမဆု ငွေကျပ်ခုနစ်သောင်း၊ဒုတိယဆု ငွေကျပ်ငါးသောင်းနှင့် တတိယဆု ငွေကျပ်သုံးသောင်း သတ်မှတ်ထားသည်။

ယင်းသစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် စိုက်ပျိုးရေး နည်းပညာပေးပြခန်းများ၊ အရောင်းပြခန်းများ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ၊ ပရဆေးစိုက်ခင်းပြကွက်နှင့် သစ်ခွအထူးစိုက်ခင်းပြကွက်များလည်း ပြသသွားမည်ဖြစ်သည်။

စာတမ်း

အဆိုပါ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲကို မေ ၅ ရက်မှ ၇ ရက် ညနေအထိ စာတမ်း ၁၆ စောင်ကို ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို လာရောက်အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ စာတမ်းများတွင် သစ်သီးဝလံများ ပြည်ပတင်ပို့မှု အလားအလာ၊ တန်ဖိုးမြင့် စိုက်ပျိုးထုတ်လုပ်မှု၊ ခါလွန်



မလေးရှား စကားပန်းများ ဤသို့ လှပစွာ ဖူးပွင့်နေကြသည်ကို တွေ့ရသည်။

ခါမဲ့ သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ သစ်သီးဝလံ မျိုးရိုးဗီဇနှင့် ဒေသခံမျိုးရင်းများ၏ မူပိုင်ခွင့်၊ ကြာရှည်ခံ ထိန်းသိမ်းနည်းများ၊ သစ်သီးဝလံအခြေခံ စားသောက်ကုန် ဈေးကွက်ဝင်ပြုပြင် ထုပ်ပိုးရောင်းချခြင်း၊ အရည်အသွေး ထိန်းချုပ်ရေးနှင့် စံနှုန်းသတ်မှတ်ရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ စသည့် စာတမ်းများ ပါဝင်မည်ဖြစ်သည်။

သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရတန်ဖိုးမြင့် သစ်သီးဝလံများ ထုတ်လုပ်မှု၊ စားသုံးမှု၊ တင်ပို့မှုလုပ်ငန်းများ သိရှိစေနိုင်ရန်လည်းကောင်း၊ ဈေးကွက်ဝင်ပန်းမန်များ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ၊ မြေသြဇာနှင့် ပိုးသတ်ဆေးဖျန်းရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများကို လေ့လာသိရှိနိုင်ရန်အတွက် ပြည်သူများ၊ သစ်သီးဝလံ၊ ပန်းမန် ချစ်မြတ်နိုးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများ သွားရောက်လေ့လာကြည့်ရှုသင့်သော ပြပွဲ၊ ပြိုင်ပွဲတစ်ရပ် ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲတွင် စိုက်ပျိုးပြသထားသော အာဟာရရည်ဖြင့် စိုက်ပျိုးပြသထားသည့် ပြကွက်တစ်ကွက်။

မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းများ အောင်မြင်ရေး ဘဏ်ခွဲအဆောက်အအုံသစ်များ ဖွင့်လှစ်လျက်ရှိ ငွေကြေးလည်ပတ်မှု ချောမွေ့လာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမည်

ရန်ကုန် မေ ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဘီးလင်းဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်က ယင်းအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က ဘီးလင်းဘဏ်ခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က ဘီးလင်းဘဏ်ခွဲ အဆောက်အအုံသစ်ဆိုင်းဘုတ်ကို နံ့သာရည်ဖြင့်ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသော နိုင်ငံတစ်ဝန်း ငွေကြေးစီးဆင်း လည်ပတ်မှုကို တာဝန်ယူဆောင်ရွက်နေကြသည့် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံတော်က ဦးစားပေးအလိုက် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်များကို ဖွင့်လှစ်ပေးလျက်ရှိရာ ငွေကြေးစီးဆင်းလည်ပတ်မှု ချောမွေ့လာသည်နှင့်အမျှ ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်လာမည်ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများအနေနှင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဘဏ်အဆောက်အအုံသစ်အား ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ အစဉ်သန့်ရှင်းသပ်ရပ်စေရေးတို့အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများ အတူလက်တွဲပြီး၊ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြဖို့လိုကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် ကရင်ပြည်နယ် ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်ခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ယင်းတွေ့ဆုံပွဲ တွင် သက်ဆိုင်ရာဌာနတာဝန်ခံ အရာရှိများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရန်ရှိသည်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဘဏ်လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လိုအပ်သည်များကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

လုပ်ငန်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဘားအံမြို့ရှိ ပင်စင်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်နယ်ပင်စင်ဦးစီးဌာနမှူးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)နှင့် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ပြည်နယ်မန်နေဂျာရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း) အောင်ဗောဓိဆုတောင်းပြည့်စေတီ ဂေါတမကြေးသွန်းဘုရား အနေကဇာတင်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဗောဓိဆုတောင်းပြည့်စေတီတော် လိုဏ်ဝင်းအတွင်းတွင် ဦးတင်လတ်-ဒေါက်တာ စန်းစန်းဝင်း(စိန်ဒိုင်းမွန်း သဘော်ဆေးကုမ္ပဏီလီမိတက်)တို့က လှူဒါန်းသော ဂေါတမကြေးသွန်းဘုရားကြီးကို ဧပြီ ၃၀ရက် (ကဆုန်လပြည့်နေ့)က ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးဖြင့် ဘုရားအနေကဇာတင်ခြင်း၊ အရဟံဆွမ်းနှင့် လှူဖွယ်ပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းပြီး နံနက် ၇နာရီတွင် ရင်ပြင်တော် တနင်္လာထောင့်နှင့် အင်္ဂါထောင့်ကြားရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ် ရရှိသော ဗောဓိညောင်ပင်ကို ဂေါပကအဖွဲ့၏ ဦးဆောင်နာယကချုပ် ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)၊ ဇနီးဒေါက်တာသီသီအေးတို့နှင့်အတူ နာယကဦးကိုကိုလှိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ကဆုန်ညောင်ရေ သွန်းလောင်းကြသည်။ (အပေါ်ပုံ) (က-ပ)

ယဉ်ကျေးမှုထိန်းသိမ်းခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ထက်သန်ရန် ရည်ရွယ် တိုင်းကျိုးပြည်ပြုနှင့် ဦးတည်ချက်(၁၂)ရပ်ပြခန်းများ ခင်းကျင်းပြသ

ရန်ကုန် မေ ၂

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး စစ်တွေမြို့ ဗုဒ္ဓပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇံက ဗုဒ္ဓပြတိုက်၌ ခင်းကျင်းပြသထားသော ခေတ်အလိုက် ဗုဒ္ဓဆင်းတုတော်များကို ရှင်းလင်းပြသသည်။

ဝန်ကြီးက ဗုဒ္ဓပြတိုက်အတွင်း ခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍ ရှေးဟောင်းဗုဒ္ဓဆင်းတုများ စုဆောင်းရေး၊ ရှားပါးသော ဗုဒ္ဓဆင်းတုများကို ပုံတူပြုလုပ်၍ ဆင်းတုအမျိုးအစားအလိုက်၊ ခေတ်ကာလအလိုက် ပြခန်းများ ဖွဲ့စည်းကာ ခင်းကျင်းပြသရေး ဆောင်ရွက်ရန် မှာကြားသည်။

စစ်တွေယဉ်ကျေးမှုပြတိုက်

ဆက်လက်၍ ဝန်ကြီးသည်စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှုနှင့် စာကြည့်တိုက်လုပ်ငန်း e-Library လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ယဉ်ကျေးမှုပြတိုက်၌ ခင်းကျင်းပြသခြင်း၊ ပြခန်းများ ဖွဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုလျက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို လိုက်နာခံယူကျင့်သုံးကာ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းခြင်းဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ် ဆောင်ရွက်စေလိုကြောင်း၊ ပြတိုက်များ၌ တိုင်းကျိုးပြည်ပြုပြခန်းနှင့် ဦးတည်ချက်(၁၂)ရပ်ပြခန်းများ ဖွဲ့စည်း ခင်းကျင်းပြသရန် လိုအပ်ကြောင်းနှင့် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် လုပ်ငန်းများနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် စစ်တွေမြို့ ဗုဒ္ဓပြတိုက်၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်မှ ဝန်ထမ်းများအား တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်

ဝန်ကြီးသည် ဧပြီ၂၈ရက်တွင်စစ်တွေမြို့မှ မြောက်ဦးမြို့သို့ သွားရောက်ပြီး မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်ကိုကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** ဒုတိယညွှန်ကြားရေးမှူးဦးမြတ်ဆွေက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ပြတိုက်အတွင်းရှိ ပြသပစ္စည်းများဖြစ်သော ကျောက်စာနှင့် ကျောက်ဆစ်လက်ရာများကို စနစ်တကျထိန်းသိမ်းထားရှိရေး၊ ပစ္စည်းတွေ့ရှိရာ နေရာ၊ အမျိုးအစား၊ အကြောင်းအရာ အကျဉ်းချုပ်တို့ကို အညွှန်းစာများဖြင့် ဖော်ပြပြီးခင်းကျင်းပြသရေးအတွက် အသေးစိတ်မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည်မြောက်ဦးမြို့ ထင်တော်မူနှင့် မြင်တော်မူစေတီများပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများအရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

အလှူငွေပေးအပ်

ဝန်ကြီးသည် ဧပြီ ၂၉ ရက်တွင် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးနှင့် စန္ဒမုနိဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့များအား အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဝန်ကြီးသည်ကိုးသောင်းပုထိုးတော်ကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

စနစ်တကျထိန်းသိမ်း

ထို့နောက် ဝန်ကြီးသည် ကျောက်တော်မြို့ မဟာမုနိဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ဝန်ကြီးသည် မဟာမုနိဘုရားဝင်းအတွင်း တည်ရှိသော မဟာမုနိ ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိစစ်ဆေးရာ ပြတိုက်မှူး သုတေသန အရာရှိဦးမောင်ဆန်းဝင်းက ရှင်းလင်းပြသသည်။ ဝန်ကြီးက ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းပစ္စည်းများကို စနစ်တကျ မှတ်တမ်း တင်ထားရှိရေး၊ ပြသပစ္စည်းများမှာ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးကြီးမားလှသောကြောင့် စနစ်တကျထိန်းသိမ်းပြသရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ဧပြီ၃၀ရက်တွင် လင်ပန်းပြောက်ဘုရား၊ ထုပါရုံဘုရား၊ ချိန်ကိုက် ပိဋကတ်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး သုတေသနနှင့် ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	လျှပ်တစ်ပြက်
၆:၅၀	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ ရှိတယ် ရှားတယ်** (အပိုင်း-၁၄)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၀)

ကျွန်းကုန်းတံတား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျွန်းကုန်းတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

ရေးဦးစွာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က ညောင်တုန်းမြို့နယ်အနေဖြင့် ခြစ်စည်းရိုးကြက်ဆူကို ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၁၅၀၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဧက ၃၀၀၀နှင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ဧက ၄၃၅၀ စုစုပေါင်းဧက ၇၅၀၀ လျာထားချက်အပေါ် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၈၅ဒသမ၉၆ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်အတွက် လျာထားချက်ဧက၃၀၀၀အတွက် မျိုးစေ့ဧက ၃၀၀၈ဧကစာနှင့် မျိုးကိုင်း ဧက ၅၀စာ စုစုပေါင်း၃၀၅၈ဧကစာ စုဆောင်းရရှိမှုနှင့် ပျိုးပင်နှင့် မျိုးစေ့ ဖြန့်ဖြူးထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဂုန်လျှော်စိုက်ပျိုးမှုကို ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆- ၂၀၀၇ခုနှစ်အထိ ၁၉၉၀၄ဧက စိုက်ပျိုးပြီးစီးနေပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဂုန်လျှော်ဧက ၆၉၀၀ နှင့် ချဉ်ပေါင်လျှော်ဧက ၆၀၀ စုစုပေါင်းဧက ၇၅၀၀စိုက်ပျိုးရန် လျာထားပြီး ၂၀၀၇ ခုနှစ် ဧပြီလကုန်အထိ ဂုန်လျှော်ဧက ၂၀၃၀၊ ချဉ်ပေါင်လျှော်ဧက၈၃၀ စုစုပေါင်း ဧက၂၈၆၀ စိုက်ပျိုးပြီးစီးနေမှုအခြေအနေနှင့် ဝယ်ယူရရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မျိုးစေ့များပေးအပ်

ထို့နောက် ညောင်တုန်းမြို့နယ် ခြစ်စည်းရိုးကြက်ဆူပျိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့အတွက် ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များကို သက်ဆိုင်ရာ ကိုယ်စားလှယ်တို့ထံ အသီးသီးပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအတွက် ခြစ်စည်းရိုး ကြက်ဆူမျိုးစေ့များကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြစ်စည်းရိုးကြက်ဆူမျိုးစေ့နှင့်မျိုးကိုင်းများကို ပျိုးအိတ်များ၌ ပျိုးထောင်ပေးသည်။

ပျိုးထောင်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ခြစ်စည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များ၌ ပျိုးထောင်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုး ကြက်ဆူပျိုးခြံအတွင်း ပျိုးထောင်ထားရှိသော ခြစ်စည်းရိုးကြက်ဆူပျိုးပင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပျိုးပင်များ ပျိုးထောင်ခြင်းနှင့် ပျိုးပင်များအား ပေါင်းရှင်းပြုစုနေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် ထွန်ယက်စိုက်ပျိုးမှုကို ကြည့်ရှုသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညောင်တုန်း-ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းအတိုင်း ဝါးခယ်မမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

လက်တွဲဆောင်ရွက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားပြီးတွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့ စာရေးကုန်းရပ်ကွက်ရှိ ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၏ မြို့ရေပေးဝေရေးစခန်းသို့ ရောက်ရှိကြရာ အမှုဆောင် အရာရှိ ဦးလှဦးက ယခင်က မြစ်ရေ၊ ကန်ရေ အသုံးပြုရာမှ အဝီစိတွင်းရေဖြင့် မြို့ရေပေးဝေရေးစီမံကိန်းအတွက် ရေယူကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်နှင့် ရေကြည်စုကန် တည်ဆောက်ခြင်း၊ ပင်မရေစစ်ကန်မှ ရေဝေဇုန်ခြောက်ခုသို့ ရေပိုက်လိုင်းချခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ရေပိုက်လဲလှယ်ခြင်း၊ ဂါလန်(၁၀၀၀၀)ဆံ့ အုတ်ရေကန် တည်ဆောက်မည့် အစီအစဉ်၊ မြို့ပေါ်ရပ်ကွက် ၁၄ခုအနက် သုံးခုကို ပိုက်လိုင်းဖြင့် ရေသန့်ပေးဝေမှုကိုလည်းကောင်း၊ (၈)ရပ်ကွက်ကို အများဆုံး အဝီစိတွင်းရေဖြင့် လည်းကောင်း ရေပေးဝေလျက်ရှိပြီး ကျန်သုံးရပ်ကွက်ကို ရေပေးဝေနိုင်ရေးအတွက်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရေယူကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်နှင့် ရေကြည်စုကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ်အသင်း(ရုံးခွဲ)၌ကျင်းပသော ရုံးခွဲစာကြည့်တိုက်အတွက် ကွန်ပျူတာ၊ စာအုပ်စာစောင်များနှင့် အလှူငွေလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ်အသင်းအကျိုးဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်ရှည်က ဝါးခယ်မမြို့နယ်အသင်း(ရုံးခွဲ)စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဝါးခယ်မမြို့နယ်အသင်း (ရုံးခွဲ) စာကြည့်တိုက်အတွက် ကွန်ပျူတာတစ်လုံးကို ပေးအပ်လှူဒါန်းရာ ဝါးခယ်မမြို့နယ် အသင်းအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌဒေါက်တာသန်းလွင်က လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ ဝါးခယ်မမြို့နယ်အသင်း အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌဒေါက်တာသန်းလွင်က ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)မှ ဗိုလ်ကြီးသန်းဌေး(အငြိမ်းစား)နှင့် ဇနီးတို့လှူဒါန်းသော ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝါးခယ်မမြို့နယ်ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌဦးကိုကိုလေးက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို စာကြည့်တိုက်တာဝန်ခံ အငြိမ်းစားအထက်တန်းပြဆရာမကြီး ဒေါ်ခင်ခင်ဥထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်အားပေး

ထိုမှ တစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ် သံကြိုးတိုင်ရပ်ကွက်၌ ကျင်းပသော ဝါးခယ်မမြို့နယ် ခြစ်စည်းရိုးကြက်ဆူပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ပြည့်မီအောင်ကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဧရာဝတီတိုင်း အနေဖြင့် သုံးနှစ်အတွင်းဧကငါးသိန်းပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးရန်လိုကြောင်းတို့ကို အကျယ်တဝင့်ပြောကြားသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ကို ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအား ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များကို ပေးအပ်သည်။

စိုက်ပျိုးပေးကြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည်ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များ၌ အသီးသီး စိုက်ပျိုးပေးကြပြီး ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပြန်မလော့မြစ်ကို ဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသော ကျွန်းကုန်း တံတားတည်ဆောက်ရေး စီမံကိန်း ဝါးခယ်မဘက်ကမ်းသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သိန်းနုက တံတားဆိုင်ရာ အချက်အလက်များနှင့် တံတား တည်ဆောက်ရေးလုပ်ငန်းများ ၅၂ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် ဓနုံးချောင်းကျေးရွာ၌ ကျင်းပသော ၂၀၀၇ခုနှစ် တစ်မိုးနှစ်သီး (ပထမစပါး) အစေ့ချစိုက်ပျိုးပွဲ အခမ်းအနားသို့ ရောက်ရှိအားပေးကြသည်။

တိုးချဲ့ဆောင်ရွက်

အဆိုပါ အခမ်းအနား၌ မြောင်းမြမြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးစိုးမြင့်က မြောင်းမြမြို့နယ်၏ နွေစပါး၊မိုးစပါး စိုက်ပျိုးမှု၊ စပါးသုံးသီး စိုက်ပျိုးမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တစ်မိုးနှစ်သီးစိုက်တောင်သူ ဦးမျိုးဦး၏ ထွန်းသီရိ မျိုးစပါး ၈ ဧကစိုက်ခင်း၌ တောင်သူများ စပါးပျိုးကြဲစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လွှစာအသုံးပြုဂက်စ်ဖြင့် လယ်ရေသွင်းနေမှုကိုလည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီထုတ် စပါးခြွေလှေ့စက် လွှစာဓာတ်ငွေ့သုံးရေတင်စက်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မနောသုခဆန်စက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ရှိ မနောသုခဆန်စက်သို့ ရောက်ရှိကြပြီး လိုအပ်သည်များကို မှာကြားသည်။

တွဲဖက်အသုံးပြု

အဆိုပါ စပါးအခြောက်ခံစက်မှာ စပါးခွံလောင်စာနှင့် လေမှုတ်ပန်ကာအတွက် ဒီဇယ်ဆီတွဲဖက်အသုံးပြုပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် ၅နာရီတွင် တစ်ကြိမ် စပါးတင်း ၇၅၀ကို အခြောက်ခံနိုင်ပြီး မြောင်းမြစက်မှုဇုန်တွင်ထုတ်လုပ်၍ စက်တန်ဖိုးမှာ ငွေကျပ်သိန်း၅၀ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာတင်တင်စိန်နှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံညှိခန်း၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းထံ အလှူရှင်ဦးကျံစိန်-ဒေါ်ကျင်ရွှေမိသားစုတို့၏ ဆေးရုံရေစင်အတွက် လှူဒါန်းသော ငွေကျပ်သိန်း ၅၀ကို ကိုယ်စားလှယ် ဦးဝေဇင်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မြောင်းမြခရိုင်ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ရေးဌာနစိတ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းပုံနှိပ်ပိုင်းဆိုင်ရာဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းခွင်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပုံနှိပ်ပိုင်းဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းခွင်သင်တန်း (၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ) သင်တန်းခန်းမ၌ကျင်းပရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ သင်တန်းသား သင်တန်းသူ၁၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၁ ရက် အထိဖြစ်သည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်စာမေးပွဲယှဉ်ပြိုင်ဖြေဆိုပွဲကျင်းပ

ရန်ကုန် မေ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ ၂၀၀၇ခုနှစ် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့ နေ့အထိမ်းအမှတ် ဗဟိုအဆင့်မီးသတ်ကျင့်ဝတ်စာမေးပွဲယှဉ်ပြိုင်ဖြေဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာနချုပ်၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်အရာရှိအဆင့်၊ အကြပ်အဆင့်၊ တပ်သားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့် နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆုချီးမြှင့်မည်

ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆိုပွဲကို မီးသတ်ဦးစီးဌာနချုပ် ဗဟိုမီးသတ် သင်တန်းကျောင်းနှင့် ပြည်နယ်နှင့်တိုင်းမီးသတ်ဦးစီးဌာနများမှ အရာရှိအဆင့်၂၁ ဦး၊ အကြပ်အဆင့် ၂၃ ဦး၊ တပ်သားအဆင့် ၁၈ ဦး၊ ပေါင်း ၆၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မေ ၅ ရက်တွင် ကျရောက်မည့် မီးသတ်ဦးစီးဌာန၏ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့

နေပြည်တော် မေ ၂

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ Grand Hyatt Singapore Hotel, Grand Ball Room-2 ၌ ကျင်းပသည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများအစည်းအဝေး (Fifth ASEAN Ministerial Meeting on Youth) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ အာဆီယံ လူငယ်ရေးရာဝန်ကြီးများ၊ အာဆီယံ + ၃ လူငယ်ရေးရာဝန်ကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်နှင့် စင်ကာပူလူငယ်ရေးရာကောင်စီ (Singapore Youth Council)မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ကြိုဆိုဂုဏ်ပြု အဖွင့်အမှာစကားပြောကြားသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် အာဆီယံလူငယ်ရေးရာဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (အား/ကာ)

အမှတ်တရဓာတ်ပုံရိုက်

ဆက်လက်၍ ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံပြီး စင်ကာပူသမ္မတ နိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာ ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည့် လူငယ်ရေးရာဝန်ကြီးများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

အရှိန်အဟုန်မြင့်

ဆက်လက်၍ပဉ္စမအကြိမ်အာဆီယံ လူငယ်ရေးရာဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲ၍ အာဆီယံဒေသအတွင်း လူငယ်များ တိုးတက်ဖွံ့ဖြိုးမှုအတွက် ချမှတ်ပေးခဲ့သည့်အစီအစဉ်များဖြစ်သည့် သက္ကရာဇ် ၂၀၀၀ ရန်ကုန်ကြေညာချက် (2000 Yangon Declaration)၊ သက္ကရာဇ် ၂၀၀၃ မနီလာကြေညာချက် (2003 Manila Declaration)၊ သက္ကရာဇ် ၂၀၀၄ ပေကျင်း ကြေညာချက်(2004 Beijing Declaration) စသည့် အာဆီယံလူငယ်ရေးရာ ဝန်ကြီးများ အစည်းအဝေးများမှ ချမှတ်သည့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် လည်းကောင်း၊ အာဆီယံ+ ၃ နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်း၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါကြောင်း။

ရင်ပေါင်တန်း

ယနေ့လူငယ်များ၏ အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အလွန်အရေးကြီးသည့်အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့် လူငယ်များဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့မြန်မာနိုင်ငံမှ လူငယ်များသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ လူငယ်ရေးရာ အခန်းကဏ္ဍများတွင် လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက်ကြွပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်အဆင့်မြင့်မားရေးအတွက် အမျိုးသားကျန်းမာရေးစီမံချက်၊ အမျိုးသားအားကစား ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ အမျိုးသားပညာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များ၏ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသားကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြားနိုင်ရေးအတွက်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ (Information Technology) ကို အသုံးပြု၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် လူငယ်များ၏ပညာရေးကဏ္ဍမြင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် အခြေခံပညာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် တင်ပြသွားသည်။

ဆွေးနွေး

ဆက်လက်၍ အာဆီယံလူငယ်များ၏ လူငယ်ရေးရာအစည်းအဝေးသို့ တက်ရောက်ခဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လူငယ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအေးသီဂီ ပါဝင်သောအဖွဲ့က ပညာရေး (Education) ကဏ္ဍနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။ ဆက်လက်၍ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရေးကဏ္ဍ (Community Engagement)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ (Environment Net Work)နှင့် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေး လုပ်ငန်းရှင်များကဏ္ဍ (Employment and Entrepreneurship) များနှင့်ပတ်သက်၍ အာဆီယံနိုင်ငံအသီးသီးမှ လူငယ်များက ဆက်လက်တင်ပြ ဆွေးနွေးကြသည်။

လူငယ်ရေးရာ

အားကစားဝန်ကြီးဌာန ဝန်ကြီးသည် မေ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ Grand Hyatt Singapore Hotel ၌ကျင်းပသည့် ပထမအကြိမ် အာဆီယံ+၃ လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး(First ASEAN + 3 Ministerial Meeting on Youth) နှင့် ဒုတိယအကြိမ် အာဆီယံ+၁ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ) လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး (Second ASEAN + 1 (China) Ministerial Meeting on Youth) သို့ဆက်လက်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ဆောင်ရွက်လျက်ရှိသည့် လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံများနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

တက်ရောက်ခဲ့

မေ ၂၃ ရက်နှင့် ၂၄ ရက်များတွင် Grand Hyatt Singapore Hotel ၌ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ၏ လူငယ်ရေးရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် ဦးမြင့်ထွန်းက လည်းကောင်း၊ မေ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံလူငယ်ရေးရာ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လူငယ်ရေးရာအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာအေးသီဂီ၊ ဦးကျော်မင်းထွန်း၊ ဦးသန်းဇော်ဝင်းနှင့် ဦးချန်တန်ခင်တို့ကလည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးထပ်ကြီးမြတ်စွာဘုရားကြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂

ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၉ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီက သမိုင်းဝင်ငါးထပ်ကြီး အဂ်ီထောင့် ငါးထပ်ကြီးသာမောအင်ကြင်းတောရှိ မဟာဗောဓိပင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှစ်ပါးသီလ

ရှေးဦးစွာ ငါးထပ်ကြီးဘုရားကြီး ဩဝါဒါစရိယ သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါယမအမှူးပြုသော သံဃာတော်များ ဦးဆောင်၍ ငါးထပ်ကြီးဘုရားကြီးအား လက်ယာရစ်လှည့်ပတ်ပူဇော်၍ မဟာဗောဓိညောင်ပင်သို့ ရောက်ရှိကြပြီး ဗောဓိပင်ခြေရင်း ပလ္လင်တော်ပေါ်တွင် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး နာယကဆရာတော် ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တော်ဆောင်သော ဆရာတော်ဦးဝါယမထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

သွန်းလောင်းပူဇော်

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ဆရာတော်ဦးဝါယမက ညောင်ရေတော်သွန်း ဂါထာတော်များ ရွတ်ဖတ်ပူဇော်ပြီး ဗောဓိပင်အား နာယကဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ညောင်ရေတော်များ သွန်းလောင်းပူဇော်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀	၇။	အရေးပြိုင်ပွဲ
၈း၂၀	၈။	အကပဒေသာ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာ အထူးပြု) [အင်္ဂလိပ်စာ]
၁၇း၀၀	၅။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၁၀	၆။	**အဲဒီမှာ စတွေ့တာပဲ** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇း၁၅	၇။	တေးဂီတအစီအစဉ်
၁၇း၃၀	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇း၄၅	၉။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (အရည်အသွေးအဓိကထားထန်းပင်ချောင်နေလှန်းဆား)
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သီရိဂေဟာ
၁၉း၀၀	၁၃။	Discovery
၁၉း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ်ရွက်ကလေး၏ ရင်ခုန်သံ**(အပိုင်း-၁၈)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **အကြင်နာနွေဦး** (အပိုင်း-၃၁)

သက်တော် ၈၀ ပြည့် မွေးနေ့ ရှင်ပြုအလှူတော်

ရန်ကုန် မေ ၂

မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရမဟာထေရ်၏ သက်တော် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ် ရှင်ပြုအလှူတော်မင်္ဂလာကို မိမိဇာတိ ရေစကြိုမြို့နယ်တွင် မေ ၂၈ ရက်က ကျင်းပရာ စည်သာစံပြရွာမှ ရှင်နှစ်ပါး၊ မေဖြူရွာမှ ရှင်နှစ်ပါး၊ဆင်ချောင်းစံပြရွာမှ ရှင်နှစ်ပါး၊ ရွာသစ်ရွာမှ ရှင်နှစ်ပါး၊ ရပ်သာရွာနှင့် ပန်းတန်းခြုံရွာမှ ရှစ်တစ်ပါးစီ စုစုပေါင်း ၁၀ ပါးတို့ကို ပရိက္ခရာရှစ်ပါးအစုံအလင်ဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းပေးပြီး ပင့်သံဃာ ၃၁ ပါးတို့အား စာရေးတံမဲဆက်ကပ်လှူဒါန်းသည်။ မေ ၂၇ ရက်တွင် မန္တလေးစိန်အောင်လွင်ဆိုင်းဖြင့် ဧည့်ခံပြီး မေ ၂၈ ရက်တွင် မုံရွာ ရွှေဝံကဇာတ်ဖြင့် ဧည့်ခံဖျော်ဖြေကာ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားတွင် ကျောက်ပန်းတောင်း အောင်တော်မူသာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရက ရေစက်ချတရားဟောကြားတော်မူကြောင်း သိရသည်။ **(က-ပ)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ်(CME)မှအထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GPs(2007) သင်တန်းကို မေ ၁၂ ရက်မှ ဇူလိုင်၁၅ ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ဆရာဝန်များသည် မေ ၅ ရက်မှ ၁၁ ရက်အထိ ရုံးချိန်အတွင်း စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းငယ် ဆက်လက်တည်ရှိ

ရန်ကုန် မေ ၂

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်၌ ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဆက်လက်တည်ရှိနေပြီး ကိုကိုးကျွန်းမြို့၏တောင်ဘက် မိုင် ၁၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာရွေ့လျားလျက်ရှိသည်။

ယင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၃၆ နာရီအတွင်း တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

မိခင်နို့ရည်တိုက်ကျွေးပုံအနေအထား လဲလျောင်းတိုက်ကျွေးမှုအကောင်းဆုံး

လန်ဒန် မေ ၂

အိပ်စက်လဲလျောင်းကာ ကလေးငယ်များအား မိခင်နို့တိုက်ကျွေးခြင်းသည် အကောင်းဆုံးသောအနေအထားဖြစ်သည်ဟု ဗြိတိန်သုတေသီများက အကြံပြုပြောဆိုသည်။

အနေအထားအမျိုးမျိုးဖြင့် နို့တိုက်သည့် မိခင် ၄၀ တို့ကို စူးစမ်းလေ့လာကြည့်ရာတွင် အထက်ပါနို့တိုက်သည့် အနေအထားမှာ ကလေးငယ်များအတွက် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရခြင်း ဖြစ်သည်ဆို၏။

မိခင်နို့တိုက်ကျွေးသည့် အမျိုးသမီးအများအပြားမှာ နို့တိုက်ကျွေးရာတွင် အခက်အခဲ တွေ့သဖြင့် ရက်သတ္တ အနည်းငယ်အတွင်းမှာပင် နို့ဆက်မတိုက်ဘဲ ရပ်ပစ်တတ်ကြသည်လည်းရှိသည်။ ရင်သွေးငယ် တစ်လသားအချိန်အတွင်း အနေအထားအမျိုးမျိုးဖြင့် နို့တိုက်ကြသူမိခင် ၄၀ကို လေ့လာပြီး အထက်ပါအတိုင်း တွေ့ရှိ အကြံပြုခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ကမ္ဘာ့ကုန်သွယ်ရေး၌ ဒုတိယအကြီးဆုံးနိုင်ငံ တရုတ်ဖြစ်လာမည်

ကွမ်ကျိုး မေ ၂

တရုတ်နိုင်ငံသည် ပြည်ပကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံရှိနေပြီး ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ကုန်သွယ်မှုပြုနေသော ဂျာမနီနိုင်ငံနေရာသို့ ယခုနှစ်တွင် အစားထိုးရောက်ရှိလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ သုတေသနအရာရှိကြီးတစ်ဦးက ပြောကြားသည်။

ထို့အတူ ကမ္ဘာ့ကုန်သွယ်ရေး၌ အကြီးမားဆုံးဖြစ်သော အမေရိကန်နိုင်ငံကိုလည်း ယခုဆယ်စုနှစ်ကုန်တွင် ကျော်ဖြတ်သွားဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ယခုနှစ် ပထမ လေးလတာ ကာလအတွင်း ပြည်ပကုန်သွယ်မှု ၂၀ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သုတေသနသိပ္ပံမှ ဒုတိယအကြီးအကဲ လီယူချီက ပြောကြားသည်။

တိုးတက်

ယခုနှစ် ပထမ သုံးလအတွင်း ပြည်ပကုန်သွယ်မှု စုစုပေါင်း ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၄၅၇ ဒသမ ၇ ဘီလီယံ ရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၃ ဒသမ ၃ ရာခိုင်နှုန်းကျော် ရှိကြောင်း သိရသည်။

ဖော်ပြ

ထိုကာလအတွင်း ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၂၅၂ ဒသမ ၁ ဘီလီယံရှိပြီး ၂၇ ဒသမ ၈ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သလို တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း တိုးတက်မှုမှာ ၁၈ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်ဟု တရုတ်နိုင်ငံ အကောက်ခွန်ဌာနမှ ထုတ်ပြန်သောကိန်းဂဏန်းများက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယက ပါကစ္စတန်သို့ လက်ဖက်ခြောက် ပိုမိုတင်ပို့မည်

နယူးဒေလီ မေ ၂

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်၊ အီဂျစ်၊ အီရန်နှင့် အခြားသော လက်ဖက်ခြောက်ဝယ်ယူသည့် နိုင်ငံများဖြစ်သည့် ရုရှားနှင့် ဗြိတိန်နိုင်ငံများသို့ လက်ဖက်ခြောက်များ ပိုမိုတင်ပို့သွားမည်ဖြစ်ကြောင်း အင်ဒို-အာရှ သတင်းဌာနက နယူးဒေလီမြို့တွင် ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

အိန္ဒိယနိုင်ငံမှ လက်ဖက်များ တင်ပို့ ရောင်းချရေးဆိုင်ရာ အရာရှိများ ၁၂ ဦး ပါဝင်သောအဖွဲ့က လက်ဖက်ခြောက် ကုန်သည်များနှင့် နိုင်ငံများသို့ ပြန်လည်ပေးပို့တော့မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အင်ဒို-အာရှ သတင်းဌာန၏ သတင်း ထုတ်ပြန်ချက်အရ ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကင်ညာနိုင်ငံမှ လက်ဖက်ခြောက် ကီလိုဂရမ်သန်း ၁၀၀နှင့် အိန္ဒိယနိုင်ငံမှ လက်ဖက်ခြောက် ကီလိုဂရမ် ၁၆ သန်း တင်ပို့ပေးခဲ့သည်။

ပိုမိုတင်ပို့

ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်း၌ ဈေးကွက်ပိုမိုရရှိရန်အတွက် လက်ဖက်ခြောက်များကို ပိုမိုတင်ပို့သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ လက်ဖက်ခြောက် လုပ်ငန်းရှင်များအနေဖြင့် ပါကစ္စတန်ရှိ ရာဝါပင်ဒီ၊ ပက်ရှာဝါနှင့် လာဟိုးရှိ လက်ဖက်ပျိုးရာ ဒေသများသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ တိဗက်ဒေသတွင် ဖြတ်သန်းဖောက်လုပ်ထားသည့် မီးရထားလမ်းတံတားကို မေ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာတာနိုင်ငံ၏ အဓိကသံမဏိလုပ်ငန်းသုံးခု ၂၀၀၇ခု နှစ်ကုန်တွင် အပြီးသတ်မည်မျှော်မှန်း

ကူဝိတ်စီးတီး မေ ၂

ကာတာနိုင်ငံပိုင် အဓိကသံမဏိလုပ်ငန်း စီမံကိန်းသုံးခုကို ၂၀၀၇ခု နှစ်ကုန်တွင် အပြီးသတ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း ဂေါ့ဖ်တိုင်းမ်သတင်းစာက ဧပြီ ၂၉ ရက်၌ ဖော်ပြသည်။

အဆိုပါစီမံကိန်းသုံးခုတွင် တိုက်ရိုက်သံမဏိပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ခု၊ သံမဏိပြားအလိပ်များ ထုတ်လုပ်သည့် စက်ရုံတစ်ခုနှင့် သံရည်ကျို စက်ရုံတစ်ခုတို့ ပါဝင်ကြောင်း၊ ၎င်းစီမံကိန်းစက်ရုံသုံးခုအတွက်ကုန်ကျမည့် ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာသန်း ၅၀၀ ကျော် ရှိကြောင်း သိရသည်။

အားဖြည့်ဆောင်ရွက်

ထိုစက်ရုံများမှာ ယခင်က တည်ဆောက်သည့် စက်ရုံများဖြစ်ပြီး ထုတ်လုပ်မှုစွမ်းအား ပိုမိုကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း ဖြစ်သည်။

တိုက်ရိုက်သံမဏိပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံအနေဖြင့် စီမံကိန်းပြီးစီးသွားပါက လောလောဆယ်တွင် တစ်နှစ်လျှင် သံမဏိပစ္စည်း တန်ချိန် တစ်သန်း ထုတ်လုပ်နေရာမှ တန်ချိန် တစ်သန်းခွဲအထိ ထုတ်လုပ် လာနိုင်မည် ဖြစ်သည်။

ထုတ်လုပ်

ထို့အတူ သံမဏိပြားအလိပ်များ ထုတ်လုပ်သည့်စက်ရုံကလည်း လက်ရှိ တန်ချိန် ခုနစ်သိန်းထုတ်လုပ်နေရာမှ တန်ချိန် ၁ ဒသမ ၄ သန်းထုတ်နိုင်မည်ဖြစ်ပြီး သံရည်ကျိုစက်ရုံကလည်း တန်ချိန် သုံးသိန်းမှ တန်ချိန် ငါးသိန်း အထိ သံမဏိချောင်းများ ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အီရတ်တောင်ပိုင်း၌ ဗြိတိသျှစစ်သား ပစ်သတ်ခံရ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ ကင်းလှည့်စဉ် ဗြိတိသျှစစ်သားတစ်ဦး ဧပြီ ၂၉ ရက်က ပစ်သတ်ခံရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

အများဆုံးလ

ဧပြီလအတွင်းတွင် သေဆုံးသည့် ဗြိတိသျှစစ်သား ၁၂ဦးရှိသွားပြီ ဖြစ်သဖြင့် ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်သို့ ဝင်ရောက်ကတည်းက ဧပြီလသည် ဗြိတိသျှစစ်သား အသေအပျောက် အများဆုံးလ ဖြစ်သည်။

အပစ်ခံရ

ဘာဆာရာမြို့ အယ်ရာခရိုင်တွင် ပုံမှန်ကင်းလှည့်စဉ် မော်တော်ယာဉ်မှ အဆင်းတွင် ဗြိတိသျှစစ်သားမှာ သေနတ်ဖြင့်အပစ်ခံရခြင်းဖြစ်ကြောင်း ဘာဆာရာရှိ ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဒေးဗစ်ဂဲက ပြောသည်။

အဆိုပါဗြိတိသျှစစ်သားမှာ အမှတ်(၂)ရိုင်ဖယ်တပ်ရင်းမှ ဖြစ်ကြောင်း လန်ဒန်မှ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသော်လည်း အမည်ကို ထုတ်ဖော်ကြေညာခြင်း မပြုဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခရီးသွားများကို ဆွဲဆောင်မည့် ဂူ

ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ဂူတစ်ခု၏ အတွင်းပိုင်း တစ်နေရာကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် ကျင်ဟွန်ဒိုမြို့အနီးရှိ ဂူတွင်းတစ်တွင်းကို ပြင်ဆင်မွမ်းမံပြီး ခရီးသွားများအတွက် ဖွင့်လှစ်ပြသထားရာ သဘာဝကျောက်စက် ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်တို့ဖြင့် လှပလျက်ရှိသဖြင့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ အရှည်ဆုံး မော်တော်ဆိုင်ကယ်

ကမ္ဘာပေါ်တွင် အရှည်ဆုံး မော်တော်ဆိုင်ကယ် တစ်စီးကို ပြသထားစဉ်။ (ဝဲပုံ)

မက္ကဆီကိုနိုင်ငံ မက္ကဆီကို စီးတီးမြို့သား ပလက်ရိုဂေါ့ဗ်က အထူးတီထွင် ပြုလုပ်ထားသော ဆိုင်ကယ်တစ်စီးမှာ အရှည် ၃၁ ပေ ရှိသဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံး ဆိုင်ကယ်တစ်စီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရမည် ဖြစ်သည်။ **(အင်တာနက်)**

စာမျက်နှာ ၃ မှ

ပေါ်ပေါက်လာမည့် အနာဂတ် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်နေရေးသည် မဖြစ်မနေ ဝိုင်းဝန်းဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ကြီး ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အနာဂတ် နိုင်ငံတော်ကြီးအတွက် အဓိကကျသော အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊မှန်ကန်သည့် မူဝါဒလမ်းစဉ်နှင့် စေတနာမှန်သည့် လက်တွေ့ ဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး ယခင်နှင့်မတူသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက် အကောင်အထည်ဖော်နေမှုများကို နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းက စစ်မှန်သည့် အားများ ဖြစ်ကြသည့် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ကိုယ်ပိုင်စွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို အသင်းဝင်များ ကိုယ်တိုင် ပြည်သူများနှင့် အတူ သိမြင်ခံစားနေကြရပြီ ဖြစ်ကြောင်း၊ အသင်းဝင်များနေနှင့် ပိုမိုတိုးတက် အောင်ဝိုင်းဝန်းပြီး ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ နိုင်ငံတော်အနေနှင့် ကျေးလက်ဒေသနေ ပြည်သူများ အကျိုးအတွက် ကျေးလက် ဒေသဖွံ့ဖြိုးရေးအခြေခံလုပ်ငန်းတာဝန်ကြီး ငါးရပ်ကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ကြီး ငါးရပ်အပြင် စာကြည့်တိုက် ထူထောင်ရေးနှင့် ကျေးလက်လျှပ်စစ်မီးရရှိရေးအတွက်ပါ ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိကြောင်း။

ပြောင်းလဲတိုးတက်လာသည့် လူနေမှုအဆင့်အတန်းအရ သုံးစွဲလိုသော လျှပ်စစ်ဓာတ်အားရရှိရန် နိုင်ငံတော်က စီမံကိန်းကြီးများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အသင်းကြီးအနေနှင့်လည်း ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက်၊ အသေးစားလျှပ်စစ်ထုတ်လုပ်နိုင်သည့် နေရောင်ခြည်အား၊ ရေအား၊ လေအား၊ စပါးခွံ ဓာတ်ငွေ့သုံး၊ ဇီဝလောင်စာသုံးစက်ရုံများထူထောင်ပေးရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်အထိ စုစုပေါင်း ၂၄၉၃ ရွာ လျှပ်စစ်မီးသုံးစွဲနိုင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အပြောမဟုတ်ဘဲ လက်တွေ့ အကျိုးရှိသည့် ဆောင်ရွက်မှုများဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာနှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မျက်မှောက်ကာလ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် ပြည်သူများလိုလားသည့် နိုင်ငံတော်သစ်ဆီသို့ ရှေးရှုဦးတည်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက်မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်စွာ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းဝင်အားလုံး နယ်မြေလူထုနှင့် လက်တွဲပြီး ဆက်လက်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

ရလဒ်ကောင်းများ

ယနေ့ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ အနာဂတ်ကာလတွင် နှစ်အလိုက် ပိုမိုတိုးတက်လာအောင် စီမံကိန်းကြီးများ ချမှတ် အကောင်အထည်ဖော်နေမှု အခြေအနေများသည် တစ်ဦး တစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက လိုရာဆွဲပြောနေသည့် အကြောင်းအရာများ မဟုတ်ဘဲသိမြင်၊ ထိတွေ့ခံစားနိုင်ကြသည့် ပကတိအခြေအနေများသာဖြစ်ကြောင်း၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများမပါဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် အမျိုးသားရေးအသိ စိတ်ဓာတ်နှင့် ကြိုးပမ်းဆောင်ရွက်ရာမှ ပေါ်ထွက်လာသည့် ရလဒ်ကောင်းများ ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ပကတိဖြစ်ပေါ်ပြောင်းလဲမှုများ၊ အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်တိုက်ဆက်တိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည်လင်သောအမြင်နှင့် မှန်ကန်စွာ ရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်း အကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုတိုင်းတွင် ပေါ်ပေါက်လာလေ့ရှိသော အခက်အခဲများနှင့် ချို့ယွင်းအားနည်းချက်များကို ကိုယ်ပိုင်စွမ်းအားနှင့် ပြုပြင်ကျော်လွှားနေမှုများကိုလည်း စာနာနားလည်ကြရမည် ဖြစ်ကြောင်း။

အရာရာကို မကောင်းသည့်အမြင်နှင့်အပြစ်ရှာပြီး ပြစ်တင်ဝေဖန် ပြောဆိုမှုများ၊ ပကတိဖြစ်ပေါ်တိုးတက်မှုများအပေါ် သေးသိမ်မှေးမှိန်အောင် လုပ်ကြံဖန်တီးပြောဆိုမှုများ၊ လူမှုရေးကို အကြောင်းပြုပြီး လူထု အုံကြွလာအောင်၊ စီးပွားရေးကို အကြောင်းပြုပြီး လူထုအုံကြွလာအောင် လုပ်ဆောင်နေမှုများ၊ ဘာသာရေးကို အကြောင်းပြုပြီး လူထုအုံကြွလာအောင် လုပ်ဆောင်နေမှုများကိုလည်း သတိထားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံကြီး အချို့ကလည်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးများကို အကြောင်းပြုပြီး အကျပ်ကိုင် ဆောင်ရွက်မှုများ၊ ထောက်ပံ့ပေးကမ်းသူကောင်း ပြုမှုများနှင့် ဖန်တီး လုပ်ဆောင်နေမှုများ၊ သွေးထိုးလှုံ့ဆော်နေမှုများကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရမည့်အစား ပိတ်ပင်တားဆီးမှုများ၊ အကျပ်ကိုင် အရေးယူမှုများအပေါ် ကြိုဆိုအားပေးနေကြသူများ၏ စေတနာမမှန်သည့် လုပ်ရပ်များကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း။

ခွဲခြားသိမြင်

စေတနာမမှန်သည့် လုပ်ဆောင်မှုများ၊ အပြုသဘောမဆောင်သည့် လုပ်ဆောင်မှုများ၊ စည်းလုံးညီညွတ်မှုကို ပြိုကွဲအောင်လုပ်ဆောင်မှုများ၊ စီးပွားရေးကို ကျဆင်းအောင် လုပ်ဆောင်မှုများသည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဟန့်အတားအနှောင့်အယှက်များဖြစ်သည် ဆိုတာ ခွဲခြား သိမြင်ကြရမည် ဖြစ်ကြောင်း။

အသင်းကြီးအနေနှင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်နေမှုကို တိုးမြှင့် ဆောင်ရွက်ရင်း အမျိုးသားရေး အင်အားစုကြီးအဖြစ် အစဉ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်အားလုံး တာဝန်၏ အရေးပါမှုကို သိရှိနားလည်ပြီး၊ နယ်မြေအသီးသီးတွင်ရှိသည့် မိဘပြည်သူများ၏ အကျိုးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ

- **သင်တန်းက ရရှိလာမည့် အသိပညာ အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး နယ်မြေဒေသ အသီးသီး၏ အကျိုးအတွက် ပိုမိုသယ်ပိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေတွေနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို မှန်ကန်စွာရှုမြင်သုံးသပ်ပြီး၊ ပြည်သူများအကျိုးအတွက် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ပြည်သူများအကျိုးအတွက် ဦးတည်ချက်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုးမြှင့်ပါဝင်ဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြားရှိပြီးဖြစ်သည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက် သွားကြရန် မှာကြားသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

သတင်းဝေဝေဆာဆာဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊အမှတ်(၂၃)ထွက်ပြီ

ရန်ကုန် မေ ၂

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊အမှတ်(၂၃)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)** အဆိုပါ ဂျာနယ်တွင် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသက်လွင်၊ ဒေါက်တာ အေးကျော်(ဆေးသုတေသန)၊ မော်ကျွန်း စိုးမြင့်တို့၏ ဆောင်းပါးများအပြင် မြန်ပြည်တစ်ဝန်း မီးရထားလမ်းကွန်ရက်တိုးချဲ့လျက်၊ ဘိလပ်မြေထုတ်လုပ်မှု စွမ်းအားမြှင့်တင်၊ ဆိပ်ကမ်းကုန်တင်ကုန်ချ လုပ်ငန်း သွက်လက်မြန်ဆန်၊ ဓာတ်မြေဩဇာစက်ရုံ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် မွမ်းမံကြိုးပမ်း၊ ကျောက်ဆည်စက်မှုနယ်မြေမှ စက်ရုံရှစ်ရုံ၊ ပို့ကုန်သွင်းကုန်စီးဆင်းမှုမြန်ဆန်စေမည့် ဒဂုံတံတား၊ ပြိုယမ်းစေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် အိုင်အေအီးအေ အကြီးအကဲအားတွေ့ဆုံရန်ရှောင်ရှား၊ အီရတ်ဝန်ကြီးချုပ်ပုန်ကန်မှု အများဆုံးဖြစ်သည့် နေရာသို့ အလည်အပတ်ရောက်ရှိ၊ တိုကျိုသဘောတူညီချက်ကို အတည်ပြုရန် ဩစတြေးလျအားစီးပွားရေးပညာရှင်များက တိုက်တွန်းခြင်း၊ အနာဂတ်ရေနံဈေးနှုန်းမြင့်တက်မှု ခြောက်လအထိ ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိ၊ တရုတ်နှင့်ရုရှားစီးပွားရေးဆက်ဆံမှုတိုးမြှင့်ရန် တရုတ်နိုင်ငံခေါင်းဆောင် ရုရှားသို့အလည်အပတ်ခရီးစတင်၊ အမေရိကန်သမ္မတဘုရှ်နှင့် ရုရှားသမ္မတပူတင်တို့ ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ဆွေးနွေး၊ တရုတ်နိုင်ငံသည် ဗင်နီဇွဲလား၏ ထိပ်တန်းရေနံဖောက်သည်နိုင်ငံဖြစ်လာနိုင်၊ ဆော်ဒီငြိမ်းချမ်းရေးစတင်ပြီဟု ရိုက်စ်ကပြောကြားစသည့် ပြည်တွင်းပြည်ပသတင်းစုံစုံလင်လင်၊ ဓာတ်ပုံဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်းသိရသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့်အဖွဲ့ဝင်များ လှိုင်ကော်မြို့ မြို့နာမ်ရွှေစေတီတော်ရှိ ဗောဓိရွှေညောင်ပင်အား မြေို့၃၀ရက်က ညောင်ရေသွန်းလောင်းကြစဉ်။

(သတင်းစဉ်)

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ ဆွေးနွေးပွဲနှင့်သစ်သီးဝလံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို မေ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သရက်၊သခွားမွှေး၊ဖရဲ၊ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သင်္ဘောအသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ချီးမြှင့်မည်

ပြိုင်ပွဲတွင် အသီးပါအပင်အတွက် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး အသီးအနှံများအတွက် ပထမဆုကျပ် ခုနစ်သောင်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်ကာ သီးနှံတစ်မျိုးချင်း အလိုက် ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့မှထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် မျိုးစုံကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဟောပြောပွဲ၊ ဆွေးနွေးပွဲများတွင် စိတ်ပါဝင်စားသူတိုင်း တက်ရောက်ဆွေးနွေးနိုင်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ဟင်းသီးဟင်းရွက်၊ပန်းမန်ပြပွဲနှင့် ဆွေးနွေးပွဲဖတ်ကြားဆွေးနွေးမည့် စာတမ်းများစာရင်းထုတ်ပြန်

ရန်ကုန် မေ ၂

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ဟင်းသီးဟင်းရွက်၊ပန်းမန်ပြပွဲ၊ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို မေ၅ရက်မှ ၈ရက်အထိကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများက စာတမ်းအသီးသီးကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

ဖတ်ကြားမည်

မေ၅ရက် မွန်းလွဲပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဥယျာဉ်ခြံထွက်သီးနှံဈေးကွက်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ဇီဝစိုက်ပျိုးရေးနည်းစနစ်ဖြင့် သဘာဝသစ်သီးဝလံထုတ်လုပ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာ့သစ်သီးဝလံ ပြည်ပတင်ပို့မှုအခြေအနေနှင့် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သိသင့်သောအချက်များနှင့် ပို့ကုန်အလားအလာရှိသော ပေါင်းလောင်းတောင်စောင်းမှ မြန်မာ့သဘာဝရေနီငှက်ပျော၊ မေ၆ရက် နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖရဲနှင့်သခွားမွှေးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ခါလွန်ခါမဲ့ သစ်သီးဝလံသီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုအလေ့အကျင့် ကောင်းများ၊ မေ၆ရက်မွန်းလွဲပိုင်းတွင် အကျိုးတူပူးပေါင်းလုပ်ဆောင်နိုင်မည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က သစ်သီးဝလံ အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ဈေးကွက်ဝင်ပြုပြင်ထုပ်ပိုးရောင်းချခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းထူထောင်ခြင်း၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သစ်သီးဝလံအရည်အသွေး ထိန်းချုပ်ရေးနှင့် စံနှုန်းသတ်မှတ်ရေးလုပ်ငန်းစဉ်များကို ဖတ်ကြားမည်ဖြစ်သည်။

မေ ၇ရက်နံနက်ပိုင်းက မန္တလေးနည်းပညာတက္ကသိုလ်က သစ်သီးဝလံမျိုးရိုးဗီဇများနှင့် ဒေသခံသရက်မျိုးရင်းများ၏ မူပိုင်ခွင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က မြန်မာ့သရက်စိုက်ပျိုးထုတ်လုပ်ခြင်း၊ သရက်သီးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ အသီးမှာသရက် ပန်းပွင့်မှာသည်ဈေးကွက်ဆီသို့ မေ၇ရက် မွန်းလွဲပိုင်းတွင် သစ်သီးဝလံနှင့် သီးနှံရောဂါဘယနှင့်ပိုးမွှားကာကွယ်ရေး သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ တန်ဖိုးမြှင့်ကြာရှည်ခံထိန်းသိမ်းမှုနည်းပညာမိတ်ဆက်နှင့် သစ်သီးဝလံအခြောက်ခံပြုပြင် ထုတ်လုပ်ခြင်းနှင့် အခြောက်ခံစက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟိုကို အမြဲတမ်း အမှတ်တရဖြစ်စေသည့် လီဗာပူး

လန်ဒန် မေ ၂

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ အဆုံးအဖြတ်ပွဲစဉ်၌ လီဗာပူးတို့က ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ချယ်လ်ဆီးကို ဖြုတ်ချကာ နောက်ဆုံးဗိုလ်လုပွဲသို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြန်ပြီဖြစ်သည်။

ခြောက်ကြိမ်မြောက်

ယခုအကြိမ်သည် လီဗာပူးတို့ ခြောက်ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားရယူရန်အတွက် နောက်ဆုံးအဆင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာတွင် ၂၀၀၅ ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ အေစီမီလန်ကို ပယ်နယ်တီဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည့် အတိုင်းပင်ဖြစ်သည်။ လီဗာပူးသည် ချန်ပီယံလိဂ်၌ ကံတရား၏ မျက်နှာသာပေးမှုကို အခံရဆုံးအသင်းလည်း ဖြစ်သည်။

ဘင်နီတက်ဇ်

လီဗာပူးကို ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ ပို့ဆောင်ခဲ့သည့် နည်းပြ ဘင်နီတက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

အံ့မခန်း

ထို့အတူ သုံးရာသီအတွင်း လီဗာပူးကို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ နှစ်ကြိမ်ပို့ဆောင်ပေးနိုင်သည့် နည်းပြအဖြစ် ဘင်နီတက်ဇ်လည်း သူ့ရဲကောင်းတစ်ဦးဖြစ်လာခဲ့သည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ ချယ်လ်ဆီးအပေါ် အနိုင်ကစားခဲ့မှုနှင့် ပတ်သက်ပြီး ဘင်နီတက်ဇ်က **"ဒီနေ့ပွဲကတော့ ကျွန်တော့်လူတွေ အံ့မခန်း ကစားသွားနိုင်ကြတယ်။ သူတို့ကစားသွားတာ ကျေနပ်တယ်၊ အားရတယ်။ ချယ်လ်ဆီးတိုက်စစ်ကို ကျွန်တော်တို့အဓိက ထိန်းချုပ်ဖို့အတွက် ပွဲမစခင်ကတည်းက မှာထားပါတယ်။ အထူးသဖြင့် ထိန်းချုပ်ရခက်တဲ့ ဒရော့ဘာကို ဘယ်လိုဟန့်တားရမယ်ဆိုတာ ကျွန်တော် ခံစစ်မှူးတွေကို သေသေချာချာမှာထားခဲ့တယ်။ သူတို့လည်း အများအယွင်းနည်းနည်းနဲ့ ချယ်လ်ဆီးတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ကြတယ်။ ဒါပေမယ့် ဒီပွဲဟာ ခက်ခဲတဲ့ ပွဲတစ်ပွဲပါပဲ"**ဟု ပြောကြားသွားသည်။

ထို့အပြင် **"ဒီပွဲမှာ ကျွန်တော့်ဂိုးသမား ရေးနာကိုလည်း ဂုဏ်ပြုရမှာပါ။ သူက စိုးရိမ်ဖွယ်ရာဂိုးနှစ်ဂိုးကို ကာကွယ်ပေးနိုင်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ဝက်စ်ဟမ်းအသင်းရဲ့ ပယ်နယ်တီနှစ်လုံးကိုလည်း သူကာကွယ်ပေးနိုင်ခဲ့တယ်။ စပိန်မှာတော့ ရေးနာဟာ အကောင်းဆုံးဂိုးသမားပါ။ ချယ်လ်ဆီးအသင်းဟာ တကယ်တောင့်တင်းခိုင်မာတဲ့ အသင်းဖြစ်လို့ ကျွန်တော့်ဘောလုံးသမားတွေကို တစ်ဦးချင်း ဘယ်လိုကစားရမယ်ဆိုတာ အသေးစိတ် ညွှန်ကြားခဲ့ရပါတယ်။ သူတို့တွေ အစွမ်းကုန်ကြိုးစားခဲ့ကြလို့ အခုလို အနိုင်ရတာပါ"** ဟု ဘင်နီတက်ဇ်က ပြောကြားသည်။

ကြိုတင်လေ့ကျင့်

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် ယခုပွဲမတိုင်မီကပင် သရေပွဲဖြစ်သွားနိုင်သည်ဟူသော ယုံကြည်ချက်ဖြင့် ပယ်နယ်တီကန်သွင်းမှုနှင့် ဖမ်းယူမှုများကို အချိန်ပေး၍ သီးခြားလေ့ကျင့်ခဲ့ကြောင်း ၎င်းကိုယ်တိုင် ဝန်ခံပြောကြားခဲ့သည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ထို့အတူ ပရီမီယာလိဂ်၌လည်း ဖလားရရှိရန် မျှော်လင့်ချက်မှေးမှိန်နေပြီး ယခု ချန်ပီယံလိဂ်မှလည်း ထွက်ခွာခဲ့ရပြီဖြစ်သော ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက လီဗာပူးနှင့်ကစားခဲ့သောပွဲနှင့် ပတ်သက်ပြီး **"ဒီနေ့ပွဲမှာ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံးကစားသွားနိုင်ကြတယ်။ ကျွန်တော့်ကစားသမားတွေမှာ အပြစ်ပြောစရာမရှိပါဘူး၊ ဒီပွဲမှာ ကျွန်တော့်အသင်းက ကစားတာ ပိုကောင်းပါတယ်။ ပယ်နယ်တီ ကန်တယ်ဆိုတာကလည်း ဘောလုံးပွဲတစ်ပွဲရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ပွဲတစ်ခုလုံးရဲ့ ရလဒ်ကို ဆုံးဖြတ်ဖို့အတွက် ထားရှိတာကတော့ ဘဝင်မကျစရာပါ"**ဟု ပြောကြားခဲ့သည်။

သတိရနေမည်

သို့သော် ပြိုင်ဘက်လီဗာပူးနှင့် ပတ်သက်၍လည်း **"ကျွန်တော့်အနေနဲ့ လီဗာပူးကို အမြဲတမ်း သတိရနေမှာဖြစ်သလို ဘင်နီတက်ဇ်ကိုလည်း အမြဲတမ်း လေးစားနေမှာပါ။ ဒီထက်ပိုကောင်းတဲ့စကားလုံးများနဲ့ ပြောဖို့တောင် လိုအပ်ပါဦးမယ်။ ဘင်နီတက်ဇ်ဟာ တကယ်တော်တဲ့ နည်းပြတစ်ဦးပါ"** ဟု မော်ရင်ဟိုက ချီးမွမ်းခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲ၌ ယခုအကြိမ်ပါဆိုလျှင် သုံးကြိမ်မြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုပွဲများမှာ ၂၀၀၄ ခုနှစ်၌ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် မိုနာကိုအသင်းကိုလည်းကောင်း၊ ၂၀၀၅ခုနှစ်၌ လီဗာပူးကိုလည်းကောင်း၊ ယခု ၂၀၀၇ ခုနှစ်၌လည်း လီဗာပူးအသင်းကိုပင် ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ချန်ပီယံလိဂ်နှင့် ပတ်သက်၍ အကြိုဗိုလ်လုပွဲ၌ နှစ်ကြိမ်တိုင်တိုင် ဖြုတ်ချခံခဲ့ရသော လီဗာပူးကို ချယ်လ်ဆီးတို့ အမြဲအမှတ်ရပေတော့မည်။

နည်းပြ မော်ရင်ဟိုနှင့် အသင်းခေါင်းဆောင် တယ်ရီတို့ ဤသို့ ကြေကွဲခဲ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘာရာဇီးနည်းပြ ဒွန်ဂါက ရော်နယ်ဒိုအား ဗင်နီဇွဲလား၌ ကစားမည့် ကိုပါအမေရိကားဖလားပြိုင်ပွဲတွင် အခြားကစားသမားများ ပါဝင်ကစားခွင့်ရရှိရန် ထည့်ကစားမည်မဟုတ်ကြောင်းပြောကြားလိုက်သည်။**

* မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် မန်ယူအသင်းအောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း အင်္ဂလန်ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်က ချီးကျူးပြောကြားလိုက်သည်။

* **ဘော်လ်တန်ကွင်းလယ်ကစားသမား ဂါရီစပိဒ်အား မန်နေဂျာသစ် ဆမ်မီလီက ပထမအသင်းတာဝန်၊ နည်းပြတာဝန်ကိုပါ ပူးတွဲတာဝန် ပေးအပ်လိုက်သည်။** (အင်တာနက်)

မိုက်ကယ်အိုဝင် ပြန်ကစားပြီ

မိုက်ကယ်အိုဝင်

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၂

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ဒူးဒဏ်ရာကြောင့် အနားယူခဲ့ရာမှ ဧပြီ ၃၀ ရက်က ပြန်လည်ကစားပြီဖြစ်ရာ ယခင်ကထက် ပိုမိုတောင့်တင်းစွာ ကစားနိုင်သည်ဟုထင်မိကြောင်း မိုက်ကယ်အိုဝင်က ပြောကြားသည်။

ထိုနေ့က နယူးကာဆယ်အသင်းသည် ရက်ဒင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ သို့သော်လည်း ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားတွင် ဆွီဒင်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ခဲ့စဉ် ဒဏ်ရာရခဲ့သော မိုက်ကယ်အိုဝင်သည် ဧပြီ ၃၀ရက်က ပွဲချိန်ပြည့် ပါဝင်ကစားခဲ့သည်။

မမျှော်လင့်

မိမိသည် ပွဲအချိန်ပြည့် ကစားနိုင်လိမ့်မည်ဟု မျှော်လင့်မထားမိခဲ့ကြောင်း အသက်(၂၇)နှစ်ရှိ မိုက်ကယ်အိုဝင်က ပြောကြားသည်။

ထိုသို့ ဒဏ်ရာမှပြန်ကောင်းလာပြီဖြစ်သော မိုက်ကယ်အိုဝင်သည် ဇွန်၁ရက်တွင် ဘရာဇီးအသင်းနှင့် အင်္ဂလန်အသင်းတို့ ဝင်ဘလေကွင်း၌ ကစားမည့် ပွဲတွင် ပါဝင်လာနိုင်သည်။ **(အင်တာနက်)**

လီဗာပူးတို့အနိုင်ရပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ပြီ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မေ ၂

ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ၂ရက်က လီဗာပူးနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားရာ လီဗာပူးတို့က ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဟန့်တား

ပထမအကျော့ ချယ်လ်ဆီးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားသော လီဗာပူးသည် အိမ်ကွင်း၌ ဖိဖိစီးစီးကစားခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်ကိုလည်း ဟန့်တားထိန်းချုပ်နိုင်ခဲ့သည်။ လီဗာပူးတို့က ဒက်ကွတ်နှင့် ပီတာခရောက့်ချ်တို့နှစ်ဦးကို တိုက်စစ်အတွဲထားပြီး ဂျရတ်၊ မာရှေရာနို၊ ပင်းနန့်နှင့် ဇန်ဒန်းတို့အား ကွင်းလယ်၌ခင်းကျင်းကာ ချယ်လ်ဆီးတိုက်စစ်ကို ကွင်းလယ်မှပင် ဟန့်တားရန်ကြိုးစားခဲ့သည်။

ချယ်လ်ဆီးက ကာလူးနှင့် ဒရော့ဘာတိုက်စစ်အတွဲကို မီကယ်လ်၊ မက်ခ်လီလီ၊လမ်းပတ်၊အက်ဆီယန်နှင့်ဂျိုလ်ကိုးတို့က ကွင်းလယ်မှ ဝိုင်းရံကာ တိုက်စစ်ဆင်ခဲ့သော်လည်း ပထမပိုင်း ပွဲချိန်၂၂ မိနစ်မှာပင် လီဗာပူးနောက်ခံလူ အက်ဂါက လီဗာပူးအတွက် တစ်ဂိုးစတင် သွင်းယူပေးခဲ့သည်။

အဆုံးအဖြတ်

ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး ကြိုးပမ်းသော်လည်း ပထမပိုင်းနှင့် ဒုတိယပိုင်း ပွဲချိန်များတွင် ဂိုးမသွင်းနိုင်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ကြရသည်။

ပယ်နယ်တီ ကန်သွင်းရာတွင် လီဗာပူးမှ ဇန်ဒန်း၊ အလွန်ဆို၊ ဂျရတ်နှင့် ဒက်ကွတ်တို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ခဲ့သော်လည်း ချယ်လ်ဆီးမှ ရော်ဘင်နှင့် ဂျယ်ရီမီတို့၏ ပယ်နယ်တီ ကန်သွင်းချက်များကို လီဗာပူးဂိုးသမားရေးနာ ကာကွယ်နိုင်ခဲ့သဖြင့်လီဗာပူးတို့က ပယ်နယ်တီတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးနှင့် ချယ်လ်ဆီးတို့ပွဲတွင် လီဗာပူးမှ ဂျရတ်၏ ထိုးဖောက်မှုကို ချယ်လ်ဆီးမှ လမ်းပတ်(ယာ) **ဟန့်တားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးအသင်း နည်းပြဖြစ်လိုသော ဂျွန်တယ်ရီ။ (ဓာတ်ပုံ-အင်တာနက်)

ဂျွန်တယ်ရီ ချယ်လ်ဆီးမန်နေဂျာဖြစ်လိုဟုဆို

လန်ဒန် မေ ၂

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ၎င်းအနေဖြင့် ဘောလုံးကစားခြင်းမှ အနားယူသွားချိန်တွင် ချယ်လ်ဆီးအသင်းမန်နေဂျာ လုပ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၆)နှစ်ရှိ ဂျွန်တယ်ရီက တစ်နေ့ မန်နေဂျာဖြစ်ရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ၎င်းသည် ယခုအခါ ချယ်လ်ဆီးအသင်းနှင့် ကိုးနှစ်စာချုပ်ထားသည်။ ယင်းစာချုပ်ကုန်ဆုံးချိန်တွင် မန်နေဂျာလုပ်ရန် အခွင့်အလမ်းတစ်ရပ် ရလိမ့်မည်ဖြစ်ကြောင်းလည်း ဂျွန်တယ်ရီက ပြောကြားသည်။

ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်း၏ ခေါင်းဆောင်ဖြစ်သလို အင်္ဂလန်အသင်း၏အသင်းခေါင်းဆောင်လည်းဖြစ်သည်။ ၎င်းသည် နောက်တန်းခံစစ်ကစားရာတွင် ခေါင်းဆောင်တစ်ဦးပီပီ အမှားအယွင်းနည်းစွာ နောက်တန်းလုံအောင် ကစားနိုင်သူဖြစ်သည်။ **(အင်တာနက်)**

ပထမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကလေးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ပြောင့်မတ်ယှဉ်မြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် ကလေးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်	ဟောကြားမည့်နေ့ရက်
ပထမကျော် ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက	၁၃၆၉ ခု ကဆုန်လပြည့်ကျော် ၃ ရက်မှ ၄ ရက် ကြာသပတေးနေ့နှင့် သောကြာနေ့ (၃-၅-၂၀၀၇)မှ (၄-၅-၂၀၀၇)အထိ

တရားပွဲ အစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၉ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ၂၀၀၇ခုနှစ် မေလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	ညစဉ် ၇း၀၀ နာရီ

(၂၄)ကြိမ်မြောက်အရှေ့တောင်အာရှပြိုင်ပွဲအတွက် ကရာတေးဒိုနှင့်မြားပစ်အဖွဲ့များ လေ့ကျင့်ပြင်ဆင်

သတင်းမှတ်စု - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် မြန်မာနိုင်ငံမှ အားကစား အဖွဲ့ချုပ်များ လေ့ကျင့်ပြင်ဆင်လျက် ရှိရာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင် အမျိုးသား ၁၁ဦးနှင့် အမျိုးသမီး ရှစ်ဦးအပါအဝင် စုစုပေါင်း ၁၉ဦးအား အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

အမျိုးသားပဏာမလက်ရွေးစင်တွင် ကာကွယ်ရေးမှ မြင့်ဇော်ဦး၊ စိုးမောင်မောင်၊ သိန်းထိုက်အောင်နှင့် ဇော်မင်းလတ်၊ ရန်ကုန်မြို့တော်စည်ပင်မှ စံတိုး၊ နန္ဒဝင်းနှင့် ဝမ်းကိုကိုဦး၊ လယ်ယာဆည်မြောင်းမှ ကျော်ကျော်ဟန်၊ ကယားပြည်နယ်မှ အောင်ပြည့်နှင့် ဇော်ဇော်အောင်တို့ ပါဝင်ကြသည်။

လေ့ကျင့်လျက်ရှိ

အမျိုးသမီးပဏာမလက်ရွေးစင်များမှာ သစ်တောရေးရာမှ သင်းသင်းသူဇာနှင့် နန်းဆိုင်မိန်း၊ စက်မှု(၂)မှ သန်းသန်းလွင်၊ ရှမ်း/တောင်မှ ဥမ္မာဖြိုး၊ ရန်ကုန်တိုင်းမှ ယုနန္ဒာထွန်းနှင့် ကယားပြည်နယ်မှ ဝင်းသူဇာမင်းတို့ဖြစ်ကြသည်။

အဆိုပါ ပဏာမလက်ရွေးစင်များအား တာဝန်ခံအုပ်ချုပ်သူနည်းပြအဖြစ် မြန်မာနည်းပြဆရာများဖြစ်သည့် အား/ကာဦးစီးဌာနမှ ဦးစိုးဝင်း၊ နည်းပြများအဖြစ် အား/ကာဦးစီးဌာနမှ ဦးထိန်ဝင်းမြင့်နှင့် မြန်မာ့ဆားလုပ်ငန်းမှ ဦးကြည်ဝင်းတို့က တနင်္ဂနွေနေ့ တစ်ရက်သာနားပြီး အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုလေ့ကျင့်ရေးရုံတွင် အောင်နိုင်ရေးအတွက် နည်းစနစ်မှန်မှန်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

ကြိုတင်လေ့ကျင့်ပြင်ဆင်နေ

အလားတူ(၂၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင်များ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း အားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသည်။

အားကစားသမားများ

ပဏာမရွေးချယ်ထားသော အမျိုးသား Recurve အားကစားသမားများမှာ ပြည်ထဲရေးမှ ဇော်ဝင်းထိုက်၊ အား/ကာသိပ္ပံ(ရန်ကုန်)မှ ကျော်လင်းထွန်း၊ မျိုးကိုကို၊ ဘုန်းမြတ်မောင်နှင့် ဘုန်းမြင့်မောင်၊ အဖွဲ့ချုပ်လက်ရွေးစင်များဖြစ်သည့် နေမျိုးအောင်နှင့် ကျော်ချမ်းငြိမ်းတို့ဖြစ်ကြသည်။

အမျိုးသမီး

အမျိုးသမီး Recurve အားကစားသမားများမှာ အား/ကာမှ အောင်ငှိန်း၊ အဖွဲ့ချုပ်လက်ရွေးစင်မှ စန်းယုထွေးနှင့် အား/ကာသိပ္ပံ(ရန်ကုန်)မှ ဇင်မေဖူးနှင့် ဝိတိုရိယတို့ဖြစ်ကြသည်။

အမျိုးသား Compound ပြိုင်ပွဲအတွက် ပြည်ထဲရေးမှ ရဲမင်းဆွေနှင့် လင်းနိုင်၊ အဖွဲ့ချုပ်လက်ရွေးစင်မှ ချစ်ဝင်းရှိန်နှင့် ချမ်းအေးအောင်တို့ဖြစ်ပြီး၊ အမျိုးသမီး ပဏာမလက်ရွေးစင်များမှာ အား/ကာဝန်ကြီးဌာနမှ ကေသီနှင့် အေးသီတာ၊ အား/ကာသိပ္ပံ(ရန်ကုန်)မှ ယုနန္ဒာထိုက်နှင့် တင်ဇင်အိတို့ ဖြစ်ကြသည်။

အဆိုပါ ပဏာမလက်ရွေးစင်များအား အုပ်ချုပ်သူဦးကျော်ဦး(အထွေထွေအတွင်းရေးမှူး)ဦးဆောင်၍ ကိုရီးယားနည်းပြဆရာနှင့် မြန်မာနည်းပြဆရာ၊ ဆရာမများဖြစ်သည့် ဦးအောင်သူရ၊ ရဲအုပ်မြတ်သူဇာမြင့်နှင့် ရဲအုပ်သီသီဝင်းတို့က လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၇ရက်က အမှတ် (၃)ရပ်ကွက် အေး ချမ်း သာ ယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာကေတမြို့နယ် ၂/ရပ်ကွက် မြောက်ပိုင်းရှိ ဓမ္မစေတီနှင့်နှစ်ကျိပ်ရှစ်ဆူ ဗဟိုဓမ္မာရုံ၏ ပထမအကြိမ်မြောက် ကဆုန် ညောင်ရေသွန်းပွဲတော်ကို ဧပြီ၃၀ရက် ကဆုန်လပြည့်နေ့က ကျင်းပရာ ဓမ္မစေတီနှင့်ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ စုပေါင်းညောင်ရေသွန်းလောင်းကြစဉ်။ (၂၅၈)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး ပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ် ဖြစ်သော “Melting Ice-A Hot Topic?” “ရေခဲတောင်များ တည်တံ့ရေး၊ ထိပ်တန်းဦးစားပေး” **ဆောင်ပုဒ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။**

ယနေ့ ကမ္ဘာပေါ်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းသည် အရေးကြီးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဖြစ်ပျက်မှုများဖြစ်သည်။ စက်မှုမထွန်းကားမီကပင် ကမ္ဘာသည် ခန့်မှန်းခြေအားဖြင့် ၀ ဒသမ ၇၅ဒီဂရီစင်တီဂရိတ် ပူနွေးခဲ့သည်။ ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များလာမှုတို့ကြောင့် ကမ္ဘာကြီး ပူနွေးလာခဲ့ရာ နှစ်ပေါင်း (၁၂၅)နှစ်အတွင်း ၁၉၉၀ပြည့်နှစ်သည် အပူရှိန်အများဆုံးနှစ်ဖြစ်ကြောင်း မှတ်တမ်းများအရသိရှိရသည်။ ယခုရာစုနှစ်တွင် ၁ ဒသမ၄ ဒီဂရီစင်တီဂရိတ်နှင့် ၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ကြား ပူနွေးလာမည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ဥပမာအားဖြင့် အာတိတ်ဒေသ ရေခဲတောင်ဧရိယာ ကျုံ့လာခြင်းနှင့် ရေခဲတောင်များအရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေခဲမြစ်နှင့် ရေခဲကန်များပြိုကွဲခြင်း၊ အပူပိုင်းမုန်တိုင်း များလာခြင်း၊ အချို့ဒေသများတွင် စားနပ်ရိက္ခာစိုက်ပျိုးခြင်း ခက်ခဲမှုရှိလာခြင်းနှင့် အပင်နှင့်သတ္တဝါများ၏ နေထိုင်မှုပုံသဏ္ဌာန် ပြောင်းလဲလာခြင်းတို့ကို ဖြစ်စေသည်။ ပုံမှန်ရာသီဥတု ပြောင်းလဲခြင်းရှိပြီး ကမ္ဘာကြီးပူနွေးမှုလျော့မှသာလျှင် ကမ္ဘာ့မြောက်ဖျားစွန်းရှိ ရေခဲတောင်များတည်တံ့ပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ထိုသို့ ရေခဲတောင်များတည်တံ့ရေးကို ဆောင်ရွက်သင့်သည့်လုပ်ငန်းများအပါအဝင် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်နှင့်သာဓကများပါဝင်သော ဆောင်းပါးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုက် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာ၊ ကွန်ပျူတာဖြင့် (-Win---Innwa, Font size-17) စာစီစာကုံးရေးသားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံစသည်တို့ကို တစ်ပါတည်းဖော်ပြရန်ဖြစ်သည်။ အဆင့်မီ ဆောင်းပါးဆုရရှိသူများကို ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး(သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့)သို့ မေ ၁၅ ရက် ညနေ ၄ နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ထပ်ထိမ်းမြားပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဖေယျာသုခလမ်း၊ အမှတ် ၈ နေ
ဗိုလ်မှူးကြီးသန်းတင်(စစ်သံမှူး၊ ငြိမ်း)-ဒေါ်မြနေအောင်တို့၏
တစ်ဦးတည်းသော သားငယ်

မောင်နေထွန်းလင်း B.A, M.B.A(Yangon Institute of Economic), Computer Information System Major-2009(City Tech, CUNY, New York)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ တိုက်အမှတ် ၁၇(က)၊ အခန်း ၅၀၄ နေ
ဦးကျော်ဝင်း(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ဝင်းတို့၏ သမီးဦး

မဇာခြည်ကျော်ဝင်း A 1(Alliance Francaise, Yangon), [Accounting Major-2009(Baruch College, CUNY, New York)]

တို့သည် ၄-၄-၂၀၀၇ ရက်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံး နယူးယောက်မြို့၌ လက်မှတ်ရေးထိုးပြီး ၈-၄-၂၀၀၇ ရက်တွင် ဓမ္မရုံသီ မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ ဘိသိက်မင်္ဂလာ အခမ်းအနားနှင့် ဘားမီးကဖေးမြန်မာစားသောက် ဆိုင်တွင်ကျင်းပသော မင်္ဂလာညစာစားပွဲကို ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းအပေါင်းအသင်းများနှင့် မင်္ဂလာပွဲကို ဝိုင်းဝန်းကူညီကြသော မိတ်ဆွေအပေါင်းအသင်းများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နေထွန်းလင်းနှင့် ဇာခြည်ကျော်ဝင်း။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးပေါ်ဝင်း(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-
ဒေါ်ခင်စန်းမြင့်(စာရင်းကိုင်-၁၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏သား

ဒေါက်တာ မြင့်သူထွန်း
M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းသူ(သုတေသနအရာရှိ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)-
ဒေါ်ဖြူဖြူဝင်း တို့၏သမီး

ဒေါက်တာ မူယာဝင်းသူ
M.B.,B.S (Ygn)
M.Med.Sc(Physiology)Thesis

တို့၏ ၄-၄-၂၀၀၇ရက်တွင် ရန်ကုန်တိုင်း တရားရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တွဲဖက်တိုင်းတရားသူကြီး(၇) ဒေါ်နန်းညွှန့်နွယ်အားလည်းကောင်း၊ ၂၈-၄-၂၀၀၇ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ကျင်းပသောမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ပါမောက္ခ ဒေါက်တာဦးကျော်(ဒုတိယ ပါမောက္ခချုပ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ရန်ကုန်)နှင့် ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်သန္တာအေး(ပါမောက္ခ၊ ဌာနမှူး၊ သွေးရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး) အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတ အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဟေမာဝင်းသူ၊ သတို့သားအရံ မောင်ကောင်းမြတ်ခိုင်နှင့် မောင်ရဲနောင်၊ သတို့သမီးအရံ မစန္ဒာနှင့် မဖြူစင်ဝင်းသူ၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင် အလှဖန်တီးပေးသော ခင်စန်းဝင်း၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမြင့်သူထွန်း-ဒေါက်တာမူယာဝင်းသူ။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Aikikai New Organization ကကြီးမှူး၍ အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားရုံ၌ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ ပါဝင်သော နိုင်ငံတကာအိုက်ကီဒို နီးနှောဖလှယ်ပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီးခြင်း International Aikido Federation မှအဖွဲ့ဝင် Director Mr.M Fukakusa Shihan 7th Dan မှ Myanmar Aikikai New Organization ၏နည်းပြချုပ် ဆရာဦးမြစိန်အား SEANAF အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ်ခန့်အပ်ခြင်းနှင့် ဆရာဦးမြစိန် 4th Dan အဆင့် Aikido စာမေးပွဲအောင်မြင်ခြင်းတို့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

Myanmar Aikikai New Organization
Mandalay BranchI
Mandalay Branch II

၄-၅-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၆၉၈၂၊ ၂၄၆၉၈၃	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဥ္ဇာဦး၊ နန္ဒာလှိုင်
သွင် ဖုန်း-၃၃၃၉၄၅၊ ၃၁၁၅၈၂	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဥ္ဇာဦး၊ နန္ဒာလှိုင်
မင်္ဂလာ ဖုန်း-၂၄၃၀၇၃၊ ၂၄၃၀၅၈	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဥ္ဇာဦး၊ နန္ဒာလှိုင်
ရွှေဆောင် ဖုန်း-၃၀၃၃၉၉၊ ၂၅၂၀၀၃	CURSE OF THE GOLDEN FLOWER	CHOW YUN-FAT, GONG LI JAY CHOU
နေပြည်တော် ဖုန်း-၂၅၀၂၃၃၊ ၂၅၀၂၈၈	300	GERARD BUTLER, LENA HEADEY DAVID WENHAM, DOMINIC WEST
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)၃၉၀၂၈၊ ၆၀၂၉၀	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဥ္ဇာဦး၊ နန္ဒာလှိုင်
မြို့မ(မန္တလေး) ဖုန်း-(၀၂)၃၉၀၃၃၊ ၃၈၁၃၉	DHOOM - 2	HRITHIK ROSHAN, ASHWARIYA RAI ABHISHEK BACHCHAN

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

မွေးနေ့မင်္ဂလာဆုမွန်

ကိုကို **(ကိုရဲဝင်းနိုင်)**ရဲ့ ၃-၅-၂၀၀၇ ရက်မှာ ကျရောက်တဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီး ငယ်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး-ငယ်(ဟန်စုယဉ်)။

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
L.L.B. နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
☎ 01- 394727,09-5123509

အမြန်ရောင်းမည်
FMI City ရှိ 40'x60' တိုက်တစ်လုံးနှင့်
80'x80' တိုက်တစ်လုံး
အဆင့်မြင့်ပြင်ဆင်ပြီး။
ဖုန်း-၆၈၇၃၉၇။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်
၃-၅-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ဗုဒ္ဓါနုဿတိဘာဝနာ တရားတော် (သီတဂူဆရာတော် အရှင်ဉာဏိဿရ)
၈း၁၀ သင်ယူစရာ ပန်းချီပညာ (ပန်းချီရေးဆွဲခြင်း အတတ်ပညာ)
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ တက်သစ်လွင်ပြင်ကဏ္ဍ L ဆိုင်းဇီ၏ မိုးရာသီထဲ သီချင်းဆိုပြိုင်ပွဲ
၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ ဆီးချို၊ သွေးချိုရောဂါ အကြောင်း ဟောပြောချက် (အပိုင်း-၃) (ပါမောက္ခဒေါက်တာ တင့်ဆွေလတ်)
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ သံပြားပေါ်တွင် ဟင်းချက်ခြင်း နှင့် အချစ်ဓာတ်လမ်းတစ်ပုဒ်
၁၀း၄၀ မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ သွားမယ် စားမယ် (AD Garden Bar and Restaurant)
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၂၀ ဒီဇိုင်းရိုက်နှိပ်ပုံဖော် Cap P P Board အပေါ်
၁၁း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅ ပြည်တွင်းအနုပညာရေးရာ
၁၂း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀ တေးဂီတအစီအစဉ်
၁၂း၂၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၂း၄၀ တေးဂီတအစီအစဉ်
၁၂း၄၅ Ecotourismဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း (အပိုင်း-၂)
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမည်မှန်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း သတ္တမတန်း(ဈ)မှ အဖ ဦးဇေစိုး၏သမီး မသက်ဝင့်ထယ်၏ အမည်မှန်မှာ မသက်ဝင့်ထည် ဖြစ်ပါသည်။ **မသက်ဝင့်ထည်။**

အမည်ပြောင်း
ဇ/၁၄၅၊ ဥဇ္ဇနာ ၅ လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ အဖ ဦးအောင်ဝင်း၏သား အထက(၁)မြောက်ဥက္ကလာပမြို့ အဋ္ဌမတန်း (D)မှ မောင်ကျော်ကျော်အောင် အား မောင်အောင်ကိုကိုဦးဟုခေါ်ပါရန်။ **မောင်အောင်ကိုကိုဦး။**

အမည်ပြောင်း
အဖ ဦးမင်းစိန်၏သမီး အထက(၃) တောင်ဥက္ကလာပမြို့နယ် ပဉ္စမတန်း(A) ကျောင်းသူ မအယ်လာမင်းမင်းမော် အား မခိုင်သင်းမော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်သင်းမော်။**

အမည်ပြောင်း
ဇ/၁၄၅၊ ဥဇ္ဇနာ ၅ လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ အဖ ဦးအောင်ဝင်း၏သမီး မဖြူသန့်ဇင်အား မမေဇင်ငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မမေဇင်ငြိမ်း။**

အိန္ဒိယ နိုင်ငံနှင့် ရောင်းရင်းများ ဘုရားဖူးအဖွဲ့
▲ပုဂံခရီးစဉ်(အပတ်စဉ်)▲မန္တလေးခရီးစဉ်(အပတ်စဉ်)▲တောင်ကြီးခရီးစဉ်(အပတ်စဉ်)▲မြဝတီ-မဲဆောက်ခရီးစဉ်(May 4,18)▲မူဆယ်ခရီးစဉ် (အပတ်စဉ်) ▲ကျိုက်ထီးရိုး(နေ့စဉ်)▲ချောင်းသာ(နေ့စဉ်)▲ဇလွန်(စနေ၊တနင်္ဂနွေ) စီးလုံးငှားအော်ဒါလက်ခံသည်။ ကြိုတင်လက်မှတ်ရောင်းပြီ။ စုံစမ်းပါ။
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း 249871, 09-51 37245,09-99 72025

ရွှေကြေးစည် - ဘုရားဖူးခရီးစဉ်များ
▲ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ) (ပုဂံ၊ ပုပ္ပား၊ စွယ်တော်လေးဆူ) (ကျိုက္ခမီ၊ မော်လမြိုင်၊ ဓက်ဓဲ) (ဇလွန်) အပတ်စဉ်
▲ (မြဝတီ၊ မဲဆောက် - မေ ၁၁၊ ၂၅) (ချောင်းသာကမ်းခြေ) (ကျိုက်ထီးရိုး) နေ့စဉ်
▲ ကားစီးလုံးငှားသည်။ ကြိုတင်လက်မှတ်ရောင်းပြီ၊ စုံစမ်းပါ။
ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း ☎ 240860 / 372290
၂၅၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ(သာကေတကျောက်တိုင်အနီး) ☎ 721735

ကျေးဇူးဆပ်ပါမည်
ကျွန်မ မခင်မာစမ်း၏ နိုင်ငံကူး လက်မှတ်အမှတ် ၈၄၄၈၂၇ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၆၆၂၄၅၁။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဝင်းတီ၏ နိုင်ငံကူး လက်မှတ် အမှတ် ၄၆၉၆၂၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၉၉-၇၀၈၄၈။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
၂၀၀၇ ခုနှစ်
အပြည်ပြည်ဆိုင်ရာသူနာပြုနေ့
Positive practice environments
Quality workplaces= quality patient care
ပတ်ဝန်းကျင်ကောင်း ပံ့ပိုးမှု
အရည်အသွေးတိုးတက် သူနာပြု
ပြည်သူများကို အကျိုးပြု
၂၀၀၇ ခုနှစ်၊ မေလ ၁၂ ရက်

မီးလောင်မှုသတင်း

ရန်ကုန် မေ ၂

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘူမိအနောက်ရပ်ကွက်၌ ဧပြီ ၂၈ ရက်တွင် လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ကားနှစ်စီးနှင့် ဆိုင်ကယ်ငါးစီး မီးလောင်ပျက်စီးခဲ့သည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြား ၆၀ X ၆၁ လမ်း၌ ဧပြီ ၂၈ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးပြီး လူနှစ်ဦး မီးလောင်သေဆုံးခဲ့သည်။

မန္တလေးတိုင်း သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ၌ ဧပြီ ၂၈ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

မိုးခေါင်ဒဏ်ခံခရမ်းချဉ် တီထွင်အောင်မြင်

ရောမ မေ ၂

မိုးခေါင်မှုဒဏ်ခံနိုင်သော ခရမ်းချဉ်သီးမျိုး တစ်မျိုးကို အီတလီ သိပ္ပံပညာရှင်များက တီထွင်စမ်းသပ် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း မေ ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ခရမ်းချဉ်သီးမျိုးသည် စပ်မျိုးခရမ်းချဉ်မျိုးဖြစ်ကြောင်း၊ ယင်းကို သာမန်စိုက်ပျိုးရန်လိုအပ်သော ရေလိုအပ်ချက်၏ လေးပုံတစ်ပုံရှိလျှင် စိုက်ပျိုး ဖြစ်ထွန်းကြောင်း အီတလီသတင်းအေဂျင်စီ အင်န်ဆာက ဖော်ပြသည်။

ယင်းမိုးခေါင်ဒဏ်ခံ ခရမ်းချဉ်မျိုးကို မကြာမီက မက္ကဆီကို သဲကန္တာရ၌ အမြောက်အမြားစမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းကြောင်း အီတလီသုတေသီများက ပြောကြားသည်။

၎င်းခရမ်းချဉ်မျိုးမှာ ခရမ်းချဉ်သီး တစ်ကီလိုစိုက်ပျိုးဖြစ်ထွန်းရန် သာမန်အားဖြင့် ရေလီတာ ၇၀ လိုအပ်မည့်အစား ရေ ၁၅ လီတာသာလိုအပ်မည်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် မက်စီမို အန်နက်တာက ပြောသည်။

အဆိုပါ သုတေသနပြုလုပ်မှုများကို အီတလီနိုင်ငံ ပတ်ဝန်းကျင်နှင့် စွမ်းအင်နည်းပညာသစ်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မျက်စိအထူးကုဆရာဝန်ကြီးများ မြိတ်မြို့နယ်၌ကွင်းဆင်းကုသ ခွဲစိတ်ကုသမှု အတွေ့အကြုံဆွေးနွေး၊ အာဟာရလှူဒါန်း

မြိတ် မေ ၂၂

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများ ကွင်းဆင်း မျက်စိခွဲစိတ်ကုသဆောင်ရွက်ပွဲ အခမ်းအနားကို မေ ၁၁ရက် နံနက်၉နာရီက မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

အစီအစဉ်အရ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ အဖွဲ့၏ မျက်စိခွဲစိတ်ကုသမှု ဆောင်ရွက်ခြင်းအကြောင်းကို တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်လှက လည်းကောင်း၊ ဒေါက်တာဦးအောင်လွင်က မျက်စိခွဲစိတ်ကုသရန် အလှူငွေလှူဒါန်းရသည့်အကြောင်းကို လည်းကောင်း၊ ပါမောက္ခဒေါက်တာဦးတင်ဝင်းက မျက်စိခွဲစိတ်ကုသသည့် အတွေ့အကြုံများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ပေးအပ်

ထို့နောက် ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီမှ ဒေါက်တာဦးအောင်လွင်က မျက်စိခွဲစိတ်ရာတွင် ကုန်ကျသည့်ငွေကျပ်သိန်း ၁၅၀ကို လှူဒါန်းရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်လူနာ ၁၄၁ဦး အတွက် အာဟာရများ လှူဒါန်းပြီး အထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်နေသည်ကို အားပေးကြည့်ရှုခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မိဘများ ဖြစ်သောဦးရှိန်းမောင်-ဒေါ်အေးကြွယ်နှင့် ဒေါ်မြရင်၊ ဒေါ်တင်ညွန့်နှင့် မောင်နှမတစ်စုအား ရည်စူး၍ ပဲခူးမြို့ ပြည်တော်သာ(၂)လမ်းအမှတ် (၄၇၁)နေ ဒေါ်ရင်ကြည်၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်စမ်းစမ်းမြင့် ညီအစ်မများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၂၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခံရသော ဘဒ္ဒန္တ သုမနအား ဂုဏာဝိသိဋ္ဌပူဇာပွဲ မှော်ဘီ၌ကျင်းပ

မှော်ဘီ မေ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာ စာအမှတ်(၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သနွေပင်ကျေးရွာအုပ်စု ထိန်စွန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမန၏ ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဝိလာသထံမှ ငါးပါးသီလခံယူကြပြီး မြို့နယ်အတွင်းရေးမှူးဒေါ်ကြည်တင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူရှင်များက သံဃာတော် ၉၇ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဇနိန္ဒထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သာယာလှပရေးဆောင်ရွက်

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံနှင့် လမ်းလယ်ကျွန်းများ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို မတ် ၁၆ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးတင့်လွင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်အေးမီဇွန်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထူးဈေးရောင်းပွဲ ညောင်ဦးမြို့၌ ကျင်းပ

ညောင်ဦး မေ ၂၄

ညောင်ဦးမြို့နယ် သမဝါယမ ဦးစီးဌာန၏ စီစဉ်ဦးဆောင်မှုဖြင့် စတုတ္ထအကြိမ် ဂျီအီးစီ(ပညာရေး)သမဝါယမအသင်း ကုန်ပစ္စည်းအရောင်းဆိုင် အထူးဈေးရောင်းပွဲတော်ကို ၁၃၆၈ ခုနှစ် မဟာသင်္ကြန်အကြိုနှင့် ၁၃၆၉ခုနှစ် နှစ်သစ်မင်္ဂလာအကြိုအဖြစ် ပွဲတော်ကို ကျင်းပသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် ကုန်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၅၀၀ နှင့်အထက် ပစ္စည်းဝယ်ယူသူတိုင်း ဗလာမပါ ကံစမ်းမဲဖြင့် ရောင်းချပေးရာမြို့နေပြည်သူများဖြင့်အထူးစည်ကားစွာဝယ်ယူအားပေးကြသဖြင့် နံနက်နေ့ဝက်မှာပင် ငွေကျပ်သိန်း၅၀ကျော်ဖိုး ရောင်းချရကြောင်း သိရသည်။

(အောက်ပုံ) (၃၀၀)

အမြို့မြို့ အနယ်နယ် သတင်းများ

တီဘီရောဂါတိုက်ဖျက်ရေး သိကောင်းစရာများ ရေဦးမြို့၌ ဆွေးနွေး စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများ ဆုပေးအပ်ချီးမြှင့်

ရေဦး မေ ၁၄

ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဒုတိယရဲမှူးသန်းဝင်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးဟောပြော

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာန ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းထွဋ်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လက်ထောက်ဆရာဝန်ဒေါက်တာ ခင်စန္ဒာအောင်က တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် တီဘီရောဂါ ကင်းစင်ရန် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရေးကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အထက်တန်းဆင့်၊ အလယ်တန်းဆင့်မှ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖြူးမြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို မေ ၁၂ ရက်က ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် မီးသတ်ဦးစီးမှူး ဦးအေးငြိမ်းတို့က မီးဘေးကာကွယ်ရေး စီမံချက်နှင့်အညီ လေ့ကျင့်ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်သဲ ကျေးရွာကိုယ့်အားကိုယ်ကိုး ဖေယျာသီရိ တံတားသစ်ဖွင့်ပွဲကို မေ ၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းဝေတို့က တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ချို့တဲ့နွမ်းပါး မျက်စိဝေဒနာရှင်များ အထူးကုဆရာဝန်ကြီးများ အခမဲ့စမ်းသပ် ခွဲစိတ်ကုသ

မော်လမြိုင်ကျွန်း မေ ၃၀

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ကူညီမှု၊ မော်လမြိုင်ကျွန်းမြို့နယ်အသင်းနှင့် စေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသော မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသရေး လုပ်ငန်းအစည်းအဝေးကို မေ၂၇ရက် နံနက် ၁၁နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

ဆောင်ရွက်ချက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး မော်လမြိုင်ကျွန်းမြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင် **(ယာပုံ)**က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်အသင်း၏ ဆောင်ရွက်ချက်များနှင့် မြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အခမဲ့

အဆိုပါမော်လမြိုင်ကျွန်းမြို့နယ်မှ ချို့တဲ့နွမ်းပါးသည့် မျက်စိဝေဒနာရှင် ၃၀၀ကျော်တို့အား မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသခြင်းကို ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်ခင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က မေ ၂၈ရက်မှ ၃၀ရက်အထိ မျက်စိအခမဲ့ စမ်းသပ် ခွဲစိတ်ကုသပေးကြောင်း သိရသည်။ **(၀၉၇)**

မြဝတီမြို့ အမှတ်(၁) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဒေါနလမ်း သစ်ဖွင့်ပွဲကို မတ်၁၈ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦး အောင် ဆွေ ညွန့်၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့နယ် မြတောင်-ဖုန်ကုန်းလေး ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်

ထီးချိုင့် မေ ၁၄

ကသာခရိုင် ထီးချိုင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ခဲ့သည့် မြတောင်-ဖုန်ကုန်းလေး ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

မြတောင်-ဖုန်ကုန်းလေး ကျေးရွာချင်းဆက် လမ်းသစ်ကို အားကစားဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စစ်ကိုင်းတိုင်းတာဝန်ခံ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ကျေးရွာအသင်းဝင်များ၊ ပြည်သူများနှင့် ပူးပေါင်း၍ မြေသားလမ်း အရှည်ပေ ၁၁၆၀၊ လမ်းအကျယ် ၃၂ ပေဖြင့် ဖောက်လုပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး မြေသားလမ်းသစ်ဖွင့်ပွဲတွင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို လမ်းသစ်မုခ်ဦး မဏ္ဍပ်၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အသင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

မြတောင်-ဖုန်ကုန်းလေးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဦးအောင်မင်းက မြတောင်-ဖုန်ကုန်းလေး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ဆောင်ရွက်ပေးသည့်အတွက် ကျေးရွာပြည်သူများ သွားလာမှု၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသဖြင့် ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်၌ သစ်တောဥပဒေများအကြောင်း အသိပညာပေး မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရွှေတောင် မေ ၂၀

ရွှေတောင်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို မေ ၈ရက် နံနက်က ကသစ်တိုင်း ကျေးရွာအုပ်စု သရက်ပင်ကွင်းကျေးရွာ အမက၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးဝင်းက အမှာစကားပြောကြားပြီး မှုခင်း ကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်များအကြောင်း ဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် ခေတ္တ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကြည်ဝင်းက သစ်တောရေးရာကိစ္စရပ်များအကြောင်း၊ တောအုပ်ဦးရဲလင်းကျော်က သစ်တောဆိုင်ရာ ဥပဒေများအကြောင်းနှင့် ဒေသခံပြည်သူများ ပါဝင်ကူညီရေးအကြောင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရဲထွဋ်ဦးက ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ သက်ဆိုင်ရာတို့နှင့် ပူးပေါင်းပါဝင်ကူညီရေးတို့ကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အင်းယားလမ်း ကတ္တရာထပ်ပိုးလွှာခင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်စာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံ လှူဒါန်း

ကောလင်း မေ ၁၈

ကောလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များသို့ ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မေ ၁၀ရက်က မြို့နယ် ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ စာထောက်(၃) ဦးစိုးအေး၊ ခတ်ပုံကျွမ်းကျင် ဦးအောင်ကျော်စိုး၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူး ဦးမြင့်အောင် (သိန်းကျော်မြင့်-ကောလင်း) စေတနာရှင် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ကောလင်းမြို့ မြို့မရပ် ဦးတင်အောင်-ဒေါ်မြင့်မြင့်ဌေး (ရွှေကြီးသာစတိုး) က ဂျာနယ်အုပ်၄၀၀ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၀၂၆)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

သိန်းနီ မေ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက အမှုဆောင်အရာရှိ ဦးမျိုးဇော် ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့

ယင်းမာပင် မေ ၂၄

ယင်းမာပင်မြို့နယ် မြို့မ(၄)ရပ်ကွက်မှ အသက်(၈၀)အထက် အဘိုး၊ အဘွား ၃၅ ဦးတို့အား ပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က သက်ကြီး အဘိုး၊ အဘွားများအား လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး တက်ရောက်လာကြသူများက အဘိုး၊အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါလှူဖွယ်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ လှူဒါန်းငွေကျပ် ၁၇၅၀၀၀ ဖြင့် ဝယ်ယူလှူဒါန်း ပူဇော်ကြခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိုင်ကယ်ခိုးမှုဖော်ထုတ်ပေးသော ရဲတပ်ဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနား ရေစကြို၌ကျင်းပ

ရေစကြို မေ ၁၆

မကွေးတိုင်း ရေစကြိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံးခန်းမဆောင်တွင် မေ ၅ရက်က ဆိုင်ကယ်ခိုးမှု ဖော်ထုတ်ပေးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒုတိယရဲမှူးသိန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆိုင်ကယ်ပိုင်ရှင် မိသားစုတို့ တက်ရောက်ကြကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယရဲမှူးသိန်းလွင်၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်အောင်ကျော်နု၊ ဒုတိယရဲအုပ် ဝင်းနိုင်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့က ရေစကြိုမြို့ ဖူလုံတမာတန်းမှ ခိုးယူသွားသောဆိုင်ကယ်ကို နှစ်ရက်အတွင်း ဖော်ထုတ်ပေးနိုင်မှုကြောင့် ဆိုင်ကယ်ပိုင်ရှင် ဦးလှဖုန်း၊ ဦးအောင်မြင့်ထွန်းတို့က ဂုဏ်ပြုငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်ကာ ဆိုင်ကယ်ခိုးယူသူ နောင်ချိုမြို့နေ ထွန်းဝင်းအား ပုဒ်မ ၃၈၀ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အောက်ပုံ)** (၂၅၁)

မြို့နယ် သတင်းများ

သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက် ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

သီပေါ မေ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက်၏ ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁ ရက် နံနက် ၉နာရီက ဘော်ကြိုကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကောလိန္ဒသာရ၊ ဘော်ကြိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ သီပေါ မဟာမြတ်မုနိဘုရားကြီးတိုက် ဆရာတော်ဘဒ္ဒန္တပညာသီရိနှင့် ဆရာတော်များ ကြွရောက်တော်မူပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်က သြဝါဒ မိန့်ကြားတော်မူပြီး ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက်ဖြစ်ပေါ်လာမှု အခြေအနေတို့ကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ်က ရှင်းလင်း တင်ပြသည်။

လေ့လာ

ထို့နောက် တန်ဖိုးငွေကျပ် ၈၅သိန်းတန် ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဘော်ကြိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒနှင့် အကျိုးတော်ဆောင် ဦးစိုင်းပြိုးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ဧည့်သည်တော်များက ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက်အတွင်း လှည့်လည်လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကတ္တရာခင်း

မေ ၂၅ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်ဆိပ်လမ်း ထပ်ပိုး ကတ္တရာခင်းခြင်းကို အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသန်းဇော်ထွန်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စူဠဘွဲ့နှင်းသဘင်ပွဲ ကျောက်တံခါးမြို့၌ ကျင်းပ

ကျောက်တံခါး မေ ၁၄

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စူဠဘွဲ့နှင်းသဘင်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၈နာရီက ဇရပ်ကုန်းမြောက်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယောဂီဝတ်အသင်းများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ပူဇော်ကြသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘောဇကျောင်းဆရာတော် ဦးသုစိတ္တထံမှ ငါးပါးသီလ ခံယူကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပထမကြီး စာအောင် သံဃာလေးပါး၊ ပထမလတ် စာအောင် သံဃာ ၁၃ပါး၊ ပထမငယ်အောင်သံဃာ ၁၁ပါးတို့အား အောင်လက်မှတ်နှင့် သင်္ကန်း၊ နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေစေတီဘိုးဘွားရိပ်သာ သက်ကြီးပူဇော်ပွဲကျင်းပ

ကျောက်ဆည် မေ ၂၄

ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၁၇ရက် နံနက် ၈နာရီက အဆိုပါ ဘိုးဘွား ရိပ်သာတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရေးဦးစွာ ကျောက်ဆည်မြို့ ရဲစုရပ် မြဘုရင် နို့ချက်စက်ရုံပိုင်ရှင် ဦးဝင်းမောင်-ဒေါ်မြရင်မိသားစုတို့က အဘိုး၊ အဘွားများ၏ ထမင်းအာဟာရအတွက် ရက် ၁၀၀စာ အလှူငွေကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီနာယက ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ခံယူသည်။

ကုသိုလ်ပြု

ထို့နောက် တက်ရောက်လာကြသူများက အဘိုး ၁၂ဦးနှင့် အဘွား ၂၀ တို့အား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ကန်တော့ကြပြီး လူမှုရေးအသင်းအဖွဲ့များက အဘိုး၊ အဘွားများအား ခြေသည်း၊ လက်သည်းညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေချိုးခြင်းတို့ ဆောင်ရွက်၍ ကုသိုလ်ပြုကြသည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

တောင်ငူ မေ ၁၆

ပဲခူးတိုင်း တောင်ငူမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ပဲကြီးခုံကျေးရွာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက်က ကျင်းပရာ ဇီးကုန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကံရှိန်၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ ဒုတိယ ဦးစီးမှူး ဦးတင့်ဆွေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးအောင်လင်း၊ မြို့နယ်အလုပ်အမှုဆောင် ဦးမြသိန်း (တောင်ငူ အောင်ထူး)တို့ တက်ရောက်ကြပြီး ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးဦးတင်စိုး၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးမြသိန်း (တောင်ငူအောင်ထူး) တို့က စာကြည့်တိုက်အကြောင်း သိကောင်းစရာများနှင့် စာပေရေးရာများကို ဟောပြောကြသည်။

လက်ခံ

ဆက်လက်၍ တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက စာအုပ် စာစောင် ၁၅၀၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်စိုးက ဂျာနယ် စာစောင် ၁၅၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးအောင်လင်းက စာအုပ်စာစောင် ၅၀တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်ဆရာ၊ ဆရာမများ မွမ်းမံသင်တန်း ဟသ်ာတမြို့၌ဖွင့်

ဟသ်ာတ မေ ၁၇

အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာပြဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို မတ် ၃၀ရက် နံနက် ၈နာရီက ဟသ်ာတမြို့ ဟသ်ာတ တက္ကသိုလ် ရွှေဟသ်ာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကြည်တင်နှင့် တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဟသ်ာတ တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးခင်မောင်ချိုနှင့် ဘာသာရပ်ပါမောက္ခ၊ ဌာနမှူး၊ သင်တန်းနည်းပြများ၊ ဟသ်ာတခရိုင် အခြေခံပညာကျောင်းများမှ ဘာသာရပ်သင် ဆရာ၊ ဆရာမ ၁၂၁ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

သင်တန်းဖွင့်ပွဲတွင် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဟသ်ာတ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန၊ ဌာနမှူးဦးသန်းထွင်က သင်တန်း စည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းကာလမှာ မတ် ၂၈ရက်မှ မေ ၂၅ရက်အထိဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်
၄-၅-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ အဆင့်မြင့် မီးခံအုတ်စက်ရုံအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ(အမြတ်ရအောင် ရင်နို့ပါ-ဒေါက်တာခင်သန်းဦး)
၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (မြတ်နိုးလိုသလား မွေးမေနလုံးသား)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) နွေတေးရှင် (သက်တင်အောင်)
(၂) မိန်ကလျာဦး (မေသင်းကြူ)
(၃) ရော်ရွက်ဝါကြွေ (ခင်မောင်ညို)
၁၆း၃၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ရေတာရှည်မြို့နယ် သာဂရမြို့မှ ဆန်စက်၊ ဆီစက်လုပ်ငန်း)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ (ခေါင်းကြီး)
(၂) တူနှစ်ကိုယ်နီးဖို့ရာ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဝါသနာကိုထားခဲ့ရပြီ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကိုယ်ခန္ဓာသန့်ရှင်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့-မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်မောင်မုန်းဖို့ ကြိုးစားပါလား (မြင့်မြင့်ကြည်)
(၂) ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ပါတယ် (မျိုးမြင့်လေး)
(၃) စန္ဒကိန္နရီ (မသန္တာ)

မော်လမြိုင်(ထင်း)ကြိုးဝိုင်း ဆိုင်းဘုတ်တင်ပွဲကျင်းပ

မုဒုံ မေ ၁၄

မုဒုံမြို့နယ် သစ်တောဦးစီးဌာန၏ မော်လမြိုင် (ထင်း) ကြိုးဝိုင်းဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၇ ရက်နံနက် ၈နာရီက မုဒုံ-ချောင်းနှစ်ခွသွား ကားလမ်းမိုင်တိုင် ၁/၃ မော်လမြိုင် (ထင်း) ကြိုးဝိုင်းအမှတ် (၂၃)တွင် ကျင်းပသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးထွန်းသာနှင့် တပ်မတော်အရာရှိများ၊ မုဒုံမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဝင်းမြိုင်သိန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့မ (၄)ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်းက ကြိုးဝိုင်းများကို ပြည်သူများ ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်ရေး၊ ကြိုးဝိုင်းနယ်မြေဧရိယာများ ကျူးကျော်မှုမရှိစေရေးနှင့် သစ်တောထွက် သယံဇာတများ ဝိုင်းဝန်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ပညာပေး ဟောပြောသည်။

(ယာပုံ)(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၄ / ၂၀၀၇
၁၃၆၉ ခုနှစ်၊ တဆုန် လဆန်း ၁၁ ရက်
(၂၀၀၇ ခုနှစ်၊ မေ လ ၂၆ ရက်)

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိအဖွဲ့အစည်းများ တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက်လျှောက်လွှာများ အလိုရှိပါသည်-

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- စက်မှုအင်ဂျင်နီယာဘွဲ့	၇၁ နေရာ
(ခ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့	၃၅ နေရာ
(ဂ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- မြို့ပြအင်ဂျင်နီယာဘွဲ့	၁၃ နေရာ
(ဃ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့	၂၅ နေရာ
(င)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့	၁၀ နေရာ
(စ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- ဓာတုအင်ဂျင်နီယာဘွဲ့	၃၆ နေရာ
(ဆ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- စက်မှုအီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့	၄ နေရာ
(ဇ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- သုတနည်းပညာအင်ဂျင်နီယာဘွဲ့	၁ နေရာ
(ဈ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- သတ္တုတူးဖော်ရေးအင်ဂျင်နီယာဘွဲ့	၆ နေရာ
(ည)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- ဝါဏိဇ္ဇဘွဲ့(သို့မဟုတ်)စာရင်းကိုင်ပညာဘွဲ့	၄၁ နေရာ
(ဋ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- စိုက်ပျိုးရေးသိပ္ပံဘွဲ့	၃၃ နေရာ
(ဌ)	အလုပ်ရုံခွဲမှူး/ဌာနခွဲမှူး/ လက်ထောက်မန်နေဂျာ	- မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ)(သို့မဟုတ်) မဟာသိပ္ပံဘွဲ့ (အင်ဂျင်နီယာဓာတုဗေဒ)	၅ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၅ - ၅ -၂၀၀၇ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၂၅ - ၅ -၂၀၀၇ နေ့ အရောက် ပေးပို့ရမည်။ လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင် ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့် ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ိ/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက် များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆ - ၁ -၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ១၅၅/ရွေးချယ်ရေး(အမိက)/၂၀၀၇ ဖြင့် ထုတ်ပြန်ထားသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက် (ပြင်ဆင်ချက်)စာစောင်ပါ သတ်မှတ်ချက် များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်** တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်း လျှောက်လွှာတစ်စောင်ကို မိမိ တာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၂၅ - ၅ - ၂၀၀၇ နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာ တစ်စောင်ကို ဓါတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၃ - ၆ -၂၀၀၇ နေ့နှင့် ၂၄ - ၆ -၂၀၀၇ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၂၁ - ၆ -၂၀၀၇ နေ့မှ စ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့် "အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ် (၃၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၀၇၉)" သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း ဖြင့် ဖြစ်စေ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇ - ၄၀၉၀၅၂) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

လိုအပ်သော အမျိုးအစားများ Order လက်ခံသည်

ပီနံမိုးရေကာဖျင်

အထူ 20 kg မှ 45 kg ထိ
အရောင် လိမ္မော်-ပြာ ၊ ခဲ-ပြာ ၊ စစ်စိမ်း-ခဲ
6 ပေ x 100 ကိုက် အလိပ်
အသင့်မီးကပ်ပြီး 12 x 12 ပေ ၊ 12 x 15 ပေ
12 x 18 ပေ ၊ 15 x 15 ပေ ၊ 18 x 18 ပေ
18 x 24 ပေ ၊ 21 x 21 ပေ ၊ 24 x 24 ပေ
ခေတ်မီစက်များဖြင့် မီးကပ်၊ ငွင်းဖောက်ပေးသည်။

DECO-LAND CO.,LTD.
1.NO.145, U MYE STREET,
HLAING THAR YAR INDUSTRIAL ZONE (4).
2.BUILDING A, ROOM 11/12, THANTHUMAR ROAD, NEAR YAENANTHAR MARKET, THUWUNA T/S , YANGON.
Phone: 01685218,5012565,5202390
01685279,01685064,01244007
E-mail: decoland@myanmar.com.mm

အမည်မှန်
ပတ္တမြားမြို့သစ် ကျောက်စိမ်းလမ်းသွယ်(၅) အမှတ်(၁၇)နေ ဦးဝင်းနိုင်-ဒေါ်ခင်ရီဝင်းတို့၏သမီး အမည်မှန်မှာ မမျိုးပပကျော် ဖြစ်ပါသည်။
မမျိုးပပကျော်။

အမည်မှန်
ပတ္တမြားမြို့သစ် နံ့သာမြိုင်လမ်း အမှတ်(၁၇)နေ ဦးထွန်းလင်းဦး-ဒေါ်ခင်ခင်ဦးတို့၏သမီး အမည်မှန်မှာ မအေးသဇင်ထွန်း ဖြစ်ပါသည်။ **မအေးသဇင်ထွန်း။**

အမည်ပြောင်း
မမျိုးမြင့်မော် ၅/ဂုဥန(နိုင်) ၀၀၀၂၃၃အား ယနေ့မှစ၍ မမျိုးမြင့်မြတ်(ခ)မိုးရွှေယံဟုပြောင်းလဲခေါ်ပါရန်။ **မျိုးမြင့်မြတ်(ခ)မိုးရွှေယံ။**

ကားစီးလုံးငှားသည်
မြို့တွင်း/ ပြင်၊ လချုပ်ကားများငှားရန်ရှိသည်
CRANE
708569,538535

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၉)ရက်
၂၀၀၇ ခုနှစ် ဧပြီလ ၁၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီသည် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ၂၀၀၇ခုနှစ် ဇူလိုင်လအတွင်းကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည် ဖြစ်ပါသည်။ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် အများအပြားတက်ရောက်ပြီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို အပြိုင်အဆိုင် ဝယ်ယူကြမည် ဖြစ်ပါသည်။

၂။ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီအနေဖြင့် နိုင်ငံသား ရတနာကုန်သည်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို လက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ ကြမ်းခင်းဈေးညှိနှိုင်း သတ်မှတ်ခြင်း၊ အထူးရောင်းချပွဲတွင် တင်ပြခင်းကျင်း ရောင်းချခြင်း၊ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပသို့ တင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ်သတ်မှတ်ရေးနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ ရက်မှ ဇွန်လ ၁၅ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ အခြေခံ ရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးရောင်းချပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၄။ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့။ ကျောက်မျက်ရတနာ တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး) များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် တင်ပြ ရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ။

ပဋ္ဌိမာခရ် အပတ်စဉ် (၂၆)
နိုင်ငံခြားဘာသာစကား | အင်္ဂလိပ်အနုစာပေ | စာရင်းကိုင် LCCI
အီလက်ထရွန်နစ် | စီးပွားဖြစ်စားသောက်ကုန်ထုတ်နည်း | ကွန်ပျူတာ
5th May 2007 ဖွင့်မည်
ပဋ္ဌိမာရုံ စာသင်တိုက်၊ ဗိုးကောင်းလမ်းနှင့် အေးသာယာလမ်းထောင့်၊ ရန်ကုန်မြို့။ (ဘောက်ထော်အဝိုင်းလေးအနီး) ☎ : 559332

FORWARD English Language Centre
ဒေါ်ညွန့်ညွန့်ဝင်း B.A (English), M.Phil, M.A, Dip (Canada)
❒ General English ❒ IELTS
- Intermediate / Upper Intermediate
ကျောင်းသား/ကျောင်းသူများ လုပ်ငန်းခွင်ဝင်လိုသူများ နိုင်ငံခြားသွားမည့်သူများအတွက်
Speaking, Listening, Reading, Writing & Grammar
☎ - 227082

သင့်ဘဝအားထားရန် G.G.A Since 1991
လုပ်ငန်းခွင်ကျောက်မျက်သင်တန်း
ကျောက်မျက်ရတနာ – ခွဲခြားခြင်း၊ စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်ခြင်း၊
ရွှေ – သိသင့်သောပညာရပ်များ က မှ အ အထိ၊
လက်ဝတ်ရတနာ – ဒီဇိုင်နာနှင့် ကျောက်ရွေးချယ်ခြင်း၊ ပန်းထိမ်အပ်နှံခြင်း၊ ပြည်လည်လက်ခံခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ရာဖြတ်ခြင်း။
အခြေခံသင်တန်း – နာရီ ၉၀(တစ်လ)
အဆင့်မြင့်သင်တန်း – နာရီ ၉၀(ငါးပတ်)
လစဉ် လဆန်း ၅ ရက်နေ့တိုင်း ဖွင့်သည်။
၁၉၆၇-၇၀ G.G.A ဘွဲ့ရဆရာများကိုယ်တိုင် သင်ကြားသည်။
စုံစမ်းရန် ဖုန်း-၂၅၄၄၁၀၊ ၄၇၄/၄၇၆၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်။

K.I.S ကားအငှားလုပ်ငန်း
မြို့တွင်း၊ မြို့ပြင် လချုပ်၊ နှစ်ချုပ် ကားငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
ဖုန်း-၂၉၃၂၉၄၊ ၄၄၁၂၈၁၊ ၀၉-၅၀-၀၂၄၄၀၊ ၀၉-၅၁-၃၄၇၇၈။

မိုး (MOE)
လချုပ်၊ အချိန်ပိုင်း၊ ဘုရားဖူး ကားမျိုးစုံ ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ယုံကြည်စွာအပ်နှံနိုင်ပါသည်။
ဖုန်း-၅၅၄၈၂၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ပမ/၃၂၄၉ Honda Supercub 90ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသန်း မှတ်ပုံတင်အမှတ် ၇/နတလ(နိုင်)၀၀၁၉၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သာယာဝတီ)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ပမ/၁၇၀၃၇ KENBO DREAM 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် မှတ်ပုံတင်အမှတ်၇/ကပက(နိုင်)၀၀၈၅၃၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သာယာဝတီ)။**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အဝေရာလမ်းအမှတ်(၅၄၀)နေ ဦးသန်းဆွေ(ကြေး/မြေ) ညွှန်ချုပ်(ငြိမ်း)နှင့် သမီးကြီး ဒေါက်တာဒေါ်ယဉ်ယဉ်ဦး (မကွေး) မိသားစုများက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းတစ်ထောင်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးမောင်မောင်အောင်က လက်ခံယူစဉ်။ (က-ပ)

ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့ပေါ်ရပ်ကွက် အသီးသီးရှိ အသက်၈၀ကျော် အဘိုး၊အဘွားဖြိုးတို့အား ပူဇော်ကန်တော့ပွဲကို မေ ၁၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ ဦးစီးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် အဖွဲ့ဝင်များက အဘိုး၊ အဘွားများအားလှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၂၄၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပိုလန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၀၇ခုနှစ် မေ ၃ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျာရိုစလော၊ ကာဇင်(န်)စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၃-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ထူးခြားသောအပူချိန် ၂-၅-၂၀၀၇

နေပြည်တော်	၁၀၈	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်(ကမ္ဘာအေး)	၉၈	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၈	ဒီဂရီဖာရင်ဟိုက်
မုံရွာ	၁၁၁	ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၉	ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၉	ဒီဂရီဖာရင်ဟိုက်
ညောင်ဦး	၁၀၉	ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၉	ဒီဂရီဖာရင်ဟိုက်

နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ တိုးမြှင့် နိုင်ငံတော်သစ်တည်ဆောက်ရေး တက်ကြွစွာ ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

အာဟာရပြည့်ဝပြီး ဘေးကင်းသည့်သီးနှံများ ရွေးချယ်စားသုံးမှုစနစ် ပြောင်းလဲလာ

သတင်း၊မြင်ကွင်း — မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း—တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂

သစ်သီးဝလံ ဟင်းသီးဟင်းရွက်များကို ပြည်သူအများကျန်းမာရေးအတွက် လိုအပ်သော အာဟာရတန်ဖိုးကိုသိရှိပြီး စားသုံးမှုတိုးမြှင့်စေရန်လည်းကောင်း၊ ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးထားသော ပန်းမန်များလေ့လာသိရှိစေနိုင်ရန်လည်းကောင်း ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့်ဆွေးနွေးပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အပင်ငယ်သော်လည်း အသီးများဝေနေသော သံပရာပင်၏ ရှင်သန်မှု။

ပူးပေါင်းကျင်းပ

အဆိုပါသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

မြေပဒေသာကျွန်း ပန်းမန်ပြပွဲတွင် ပြသထားမည့် စွဲမက်ဖွယ် သစ်ခွပန်း၏အလှ။

3-5 (20) 1 5/2/07, 1:02 PM